# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၁ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၁၀)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ
အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ
၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

ယနေ့ အလုပ်သမားနေ့အခါသမယတွင် မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီးတစ်ရပ်လုံးနှင့် ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားထုကြီးအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများအားလုံး၊ မိဘပြည်သူများအားလုံး ကောင်းကျိုးလိုရာဆန္ဒများပြည့်စုံကြပါစေ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် မေလ ၁ ရက်နေ့ကို အလုပ်သမားနေ့အဖြစ် အခမ်းအနားများ ကျင်းပလျက်ရှိသည့်နည်းတူ မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော မြန်မာအလုပ်သမားကြီးများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် ဤသဝဏ်လွှာကို ပေးပို့ခြင်းဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်မှုနှင့်အတူ မြန်မာနိုင်ငံသည်လည်း COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ကဏ္ဍပေါင်းစုံတွင် လူမှု စီးပွားဘဝ ထိခိုက်နစ်နာခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့ပါသည်။ ထိုသို့သော အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုပေါင်းစုံကြားမှ နိုင်ငံတော်အစိုးရက နိုင်ငံသားအလုပ်သမားများ အကျိုးစီးပွားနှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေမှုတို့ကို ယခုလို နေ့ထူးနေ့မြတ်အခါသမယနှင့် အခွင့်ကြုံခိုက်တွင် ရှင်းလင်းတင်ပြလိုပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ○*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်း လုပ်ဆောင်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

*စာမျက်နှာ ၄ ကော်လံ ၁ ●*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ် ၁၀ ရေတံခါးအား ကြည့်ရှုစစ်ဆေးစဉ်။

**၂၀၂၁ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

# ရင်သွေးငယ်တို့ပညာရေး မိဘပြည်သူ ဝိုင်းဝန်းကူ

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာသင်သည့်အရွယ်တွင် ပညာကို တတ်မြောက်အောင် သင်နိုင်ပါမှ နောင်ဆက်လက်ရှင်သန်ရမည့်ဘဝတစ်လျှောက်လုံးမှာ ပညာကိုအသုံးချကာ ဘဝရပ်တည်ရေး၊ အောင်မြင်ရေးတို့အတွက် အာမခံချက်ရှိမည်။ သို့ခံယူကြသည့်အလျောက် မိဘတိုင်းက မိမိတို့သားသမီးများ ပညာတတ်မြောက်နိုင်ရေး၊ အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရေးအတွက် တတ်နိုင်သမျှ အစွမ်းကုန် ကြိုးပမ်းကြသည်။ အချို့တတ်နိုင်သူများက ငွေကုန်ကြေးကျခံကာ ပညာနောက်သို့ အမောတကော ပြေးလွှားလိုက်ကြသည်။ သားသမီးချင်းပြိုင်ဆိုင်ကြကာ နောက်ကွယ်မှ မိဘတို့လည်း ပြိုင်ဆိုင်ကြသည်။ သို့ရာတွင် ဤမြင်ကွင်းများက မြို့ကြီးပြကြီးပေါ်မှ မြင်ကွင်းမျှသာဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေအများစုဖြစ်သော ကျေးလက်ဒေသများ၊ ကျေးလက်နှင့် ဆက်စပ်နေသော ဒေသများတွင်မူ အထက်ကမြင်ကွင်းမျိုးနှင့် ခြားနားသည်။ ပညာကို ခဲခဲယဉ်းယဉ်း သင်ယူနေကြရသည့် အခြေအနေမျိုး အများစုမှာ ကျေးလက်များဖြစ်ကြသည်။ ရွာသိမ်၊ ရွာငယ်များ၊ တဲတိုက်များမှ ဥပမိရုပ်ချို့တဲ့လှသည့် ကျောင်းလေးများ၊ မိသားစုအခက်အခဲများစွာကြားမှ ချို့ချို့တဲ့တဲ့ ပညာသင်ယူနေရသည့် ကလေးငယ်များရှိသည်။ ကျောင်းနေရမည့်အရွယ် ကလေးငယ်တစ်ဦးသည် ဆင်းရဲနွမ်းပါးသည့် မိသားစုမှဆိုလျှင် သူသည် မိသားစုအတွက် ဝင်ငွေရှာရကြောင်း ဝိုင်းဝန်းလုပ်ကိုင်နေရသူများလည်း ဖြစ်နေလေ့ရှိသည်။ အခြေခံပညာအဆင့်တွင် အခမဲ့ပညာရေးဖြစ်သည့်တိုင် အချိန်ပေး၍ ကျောင်းသို့မလာနိုင်ကြ။ ဘဝ၏ အနာဂတ်အတွက် ပစ္စုပ္ပန်ကို မရင်းနှီးနိုင်ကြ။ မြန်မာနိုင်ငံတွင် သူငယ်တန်းမှစတင်၍ ကျောင်းဝင်လာသူ ကျောင်းသူ ကျောင်းသားအရေအတွက်သည် အလယ်တန်းသို့ မရောက်မီမှာပင် အမြောက်အမြားကျောင်းထွက်သွားကြခြင်းမှာ ဆင်းရဲမွဲတေမှုကြောင့်လား၊ သို့မဟုတ် အခြားမည်သည့်အကြောင်းများကြောင့်နည်းဆိုသည်ကို သုတေသနပြုလုပ်ပြီး ကုစားသွားရန် လိုအပ်လှသည်ဟု ယူဆမိသည်။

အခြေခံပညာအဆင့်တွင် တန်းစဉ်ကူးပြောင်းမှုနှင့် ပညာတတ်မြောက်မှုတို့ များစွာနည်းပါးနေခြင်းနှင့် စပ်လျဉ်း၍ ဧပြီ ၆ ရက်က နေပြည်တော်၌ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် "ပညာရေးစနစ်၌ တန်းစဉ်ကူးပြောင်းမှု၊ အတန်းပညာတတ်မြောက်မှုများစွာ နည်းပါးသည်ကို တွေ့ရကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှုမှာလည်း ရာခိုင်နှုန်းများစွာနည်းပါးကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှုနည်းပါးရခြင်းမှာ ယခင်နဝမတန်းသင်ခန်းစာများကို တတ်မြောက်ခဲ့မှုနည်းပါး၍ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ်လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့်စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့်ပတ်သက်ပြီး အမှန်တကယ်စာတတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပြီး ဆရာ၊ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

မကြာမီ အခြေခံပညာကျောင်းများကို ဖွင့်လှစ်တော့မည်ဖြစ်ရာ ပြီးခဲ့သည့် စာသင်နှစ်တစ်နှစ် ပျောက်ဆုံးခဲ့ရသည့် အခြေအနေနှင့် အကျိုးဆက်တို့ကို ကုစားကြရဦးမည်။ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေး နည်းလမ်းများနှင့်အညီ ပညာသင်ယူနိုင်ကြရေးအတွက်လည်း ဖိဖိစီးစီး ဆောင်ရွက်ကြရမည်။ ပညာသင်နှစ်များ တစ်နှစ်ပြီးတစ်နှစ် ပျောက်ဆုံးမည်ဆိုလျှင် မိမိတို့၏ ရင်သွေးများအတွက်ရော နိုင်ငံအတွက်ပါ နစ်နာလှသည်။ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် မိဘပြည်သူတို့ စွမ်းအားရှိသမျှ ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပညာရေးဝန်ကြီးဌာန

၂၀၂၁ -၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန
"၂၀၂၁ -၂၀၂၂ ပညာသင်နှစ် "
အသိပေးကြေညာချက်

- ၅ နှစ်အရွယ် ကလေးများကိုသူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကိုပထမတန်း (Grade-1) သို့ အပ်နှံရန်။

**ကျောင်းအပ်နှံရာတွင်**

- မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။
- ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများ စတင်ဖွင့်လှစ်ရေးကိစ္စ

နေပြည်တော် ဧပြီ ၃၀

ပညာရေးဝန်ကြီး ဌာန၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများကို ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်မှစတင်၍ ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေ ၂၄ ရက် (တနင်္လာနေ့) မှ ၃၁ ရက် (တနင်္လာနေ့)အထိ သတ်မှတ်ထားသဖြင့် ယင်းကာလအတွင်း အတန်းအားလုံး ကျောင်းအပ်နှံ ကြရန်နှင့် ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ လုံးဝ (**လုံးဝ**) ကောက်ခံမှု မရှိကြောင်း၊ ကျောင်းအပ်နှံသည့်ကျောင်းသားအားလုံးကို ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများနှင့် COVID-19 ကြိုတင်ကာကွယ်ရေး အတွက် Mask နှင့် Face Shield များကို အခမဲ့ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်အစိုးရသည် အလုပ်သမားများ၏ အခန်းကဏ္ဍကို အစဉ်တစိုက် အလေးပေးဆောင်ရွက်ခဲ့သည့်အားလျော်စွာ ယခုကဲ့သို့ COVID–19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် စက်ရုံ၊ အလုပ်ရုံ ပိတ်ထားရသည့် လုပ်ငန်းရှင်များ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရေးနှင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အလုပ်သမားများ အလုပ်ပြန်လည်ရရှိရေးတို့အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ အကျုံးဝင်အလုပ်ဌာန ၃၆,၆၇၀ ဌာနနှင့် အာမခံအလုပ်သမား ၁,၂၄၈,၃၅၄ ဦး မှတ်ပုံတင်ခဲ့ပြီး ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ အကျိုးခံစားခွင့် အမှုတွဲပေါင်း ၁,၄၁၀,၁၉၄ အတွက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၆၉၁၀၉.၅၈ အား ထုတ်ပေးခဲ့ပါသည်။ ထို့အပြင် COVID–19 ကာလ၌ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရေး ကျွမ်းကျင်မှုပူးပေါင်းရေးအဖွဲ့များက စစ်ဆေးစဉ်ကာလအတွင်း ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံများရှိ အာမခံအလုပ်သမားများအား COVID–19 ကာလအတွင်း လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို အာမခံအလုပ်သမား ၁,၅၈၃,၅၃၃ ဦးအတွက် ငွေကျပ်သန်းပေါင်း ၆၇,၉၁၂.၄၆၇ ထုတ်ပေးခဲ့ပါသည်။

မီးလောင်ဆုံးရှုံးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအတွက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေဖြင့် လည်းကောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံများမှ အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများကို ၎င်းတို့နှင့်ကိုက်ညီသည့် အလုပ်အကိုင်များ ပြန်လည်ရရှိစေရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာ**

လုပ်သားအင်အား အခြေပြုဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများ အပါအဝင် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများတို့ဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာ လုပ်ဆောင်ပေးလျက်ရှိပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် နိုင်ငံတစ်ဝန်း အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ဒေသများတွင် Mobile Team(ရွေ့လျားအဖွဲ့)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်ရှာဖွေသည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား တစ်နေရာတည်း၊ တစ်ချိန်တည်းမှာပင် အချိန်ကုန်၊ ငွေကုန် သက်သာရန် One Stop Service ဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

COVID–19 ကာလအတွင်း နိုင်ငံတကာခရီးစဉ်များ ယာယီရပ်ဆိုင်းထားသောကြောင့် နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိပြီး အခက်အခဲနှင့် ဒုက္ခမျိုးစုံကြုံတွေ့နေကြရသည့် မြန်မာအလုပ်သမားများနှင့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံသို့ အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာ မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားမဲ့ဖြစ်၍ ပြစ်ဒဏ်ကျခံပြီး ထိန်းသိမ်းရေးစခန်းများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား ၁,၀၈၆ ဦးနှင့် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား ၇၀ ဦးတို့ကို တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပါသည်။

အလားတူ ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့ပြီး ပြန်မလာနိုင်ဖြစ်နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ခေါ်ယူလျက်ရှိရာ မြန်မာအလုပ်သမား ၁၂,၄၁၆ ဦးရှိပြီး နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၂၂၆,၆၈၁ ဦးရှိပါသည်။ ထိုသို့ ပြန်လည်ရောက်ရှိလာသော မိမိတို့ နိုင်ငံသားများအား COVID–19 ရောဂါစစ်ဆေးကာကွယ်ရေးနှင့် နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံတွင် အလုပ်အကိုင်ရရှိရေးနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက် (၂၀၁၉–၂၀၂၁) ကို ရေးဆွဲကာ အဓမ္မခိုင်းစေမှုဆိုင်ရာ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားထူထောင်၍ တိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

**ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ**

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် စေလွှတ်လျက်ရှိရာ ၁၉၉၀ ပြည့်နှစ် မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ၁,၃၂၂,၃၈၆ ဦးစေလွှတ်နိုင်ခဲ့ပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ မြန်မာအလုပ်သမားများ ရပိုင်ခွင့်များရရှိနိုင်ရေးအတွက်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်

❖ **ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့ပြီး ပြန်မလာနိုင်ဖြစ်နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ခေါ်ယူလျက်ရှိရာ မြန်မာအလုပ်သမား ၁၂,၄၁၆ ဦးရှိပြီး နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၂၂၆,၆၈၁ ဦးရှိ**

◆ **COVID-19 ကာလအတွင်း နိုင်ငံတကာခရီးစဉ်များ ယာယီရပ်ဆိုင်းထားသောကြောင့် နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိပြီး အခက်အခဲနှင့် ဒုက္ခမျိုးစုံကြုံတွေ့နေကြရသည့် မြန်မာအလုပ်သမားများနှင့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်နိုင်ခဲ့**

◆ **မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားမဲ့ဖြစ်၍ ပြစ်ဒဏ်ကျခံပြီး ထိန်းသိမ်းရေးစခန်းများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား ၁,၀၈၆ ဦးနှင့် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား ၇၀ ဦးတို့ကို တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့**

ထားရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

အလုပ်ရှင်၊ အလုပ်သမားများအား မျှတသော လုပ်ငန်းခွင်ဆက်ဆံရေးစနစ် ကောင်းမွန်စွာကျင့်သုံးတတ်စေရန်၊ ခေါင်းဆောင်မှု၊ ကြီးကြပ်မှု၊ အလုပ်သမားရေးရာ ဥပဒေနှင့်မူဝါဒများ သိရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အလုပ်ရှင်များနှင့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းများအား အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ကာ ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ်–၈၇ ကို လက်ခံကျင့်သုံးထားသည်နှင့်အညီ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ အလုပ်သမား၊ အလုပ်ရှင် အဖွဲ့အစည်း စုစုပေါင်း ၃,၁၀၂ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အလုပ်သမားရေးရာကိစ္စများကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား –**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှဲပြောင်းတာဝန်ယူပြီးနောက်ပိုင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာဦးတည်ချက် (၉) ရပ် တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်( ၅ )ရပ်တွင် ပါဝင်သည့် COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ အလုပ်သမားစွမ်းအားစုကြီး၊ အသိပညာရှင် အတတ်ပညာရှင် ပြည်သူများအားလုံးတို့၏ ပူးပေါင်းပါဝင်မှု၊ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ထို့အပြင် စီးပွားရေးဆိုင်ရာ ဦးတည်ချက်များဖြစ်သည့် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်နိုင်ရေး၊ နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးတို့တွင် အလုပ်သမားစွမ်းအားစုကြီး၏ အကောင်အထည်ဖော်နိုင်မှုအပေါ် များစွာ မူတည်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**ကဏ္ဍအလိုက် ကျွမ်းကျင်မှုများ တိုးတက်နေစေရန် ကြိုတင်ပြင်ဆင်**

နိုင်ငံတော်အနေဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နှစ်ဦးနှစ်ဖက်မျှတသည့် အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံပါ ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာမှု အစီအစဉ်အရ အလုပ်သမားဈေးကွက် ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်၍ နိုင်ငံတွင်းသာမက အာဆီယံဒေသတွင်းရှိ အလုပ်သမားများနှင့်ပါ ယှဉ်ပြိုင်ရမည့်အပြင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်း ဝင်ရောက်လာပါက သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုများ တိုးတက်နေစေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားရမည့်အချိန်ဖြစ်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး အမြန်ဆုံးပြန်လည်ခိုင်မာ အားကောင်းလာနိုင်မည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်း တိုးတက်လာကာ တည်ငြိမ်အေးချမ်းသည့် ဝန်းကျင်တစ်ခုဖြစ်ထွန်းလာစေရေး အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်နားလည်မှုရှိရှိဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည့် အင်အားစုကြီးတစ်ခုဖြစ်သော အလုပ်သမားများသည် နိုင်ငံတော်အစိုးရက တစိုက်မတ်မတ် ဦးတည်ချက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာပြီး တည်ငြိမ်အေးချမ်းသော ဝန်းကျင်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်စေရေးကို အလေးအနက်ထား တိုက်တွန်းပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# ပြည်တွင်းသတင်း

●*ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ စက်ရုံမှူး ဦးညွန့်ဝေနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

## အကြံပြုဆွေးနွေး

ထို့နောက် စက်ရုံညှိခန်းမဆောင်အတွင်း၌ ဦးအောင်မြင့်က စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ ၂၀၁၇ ခုနှစ်မှစ၍ စက်ရုံလည်ပတ်မှုမရှိဘဲ ရပ်တန့်ထားရသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း၌ စက်သုံးဆီလိုအပ်ချက်ရှိနေဆဲဖြစ်ပြီး ပြည်ပမှ လစဉ်တန်ချိန်များစွာ တင်သွင်းနေရသည့် အခြေအနေ၊ ထိုသို့ ပြည်ပမှ တင်သွင်းခြင်းများ ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်အောင် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းအားအဆင့်မြှင့်တင် လုပ်ဆောင်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်အကြံပြု ဆွေးနွေးခဲ့သည်။

## ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်းရှိ ဆီသိုလှောင်ကန်များ၊ ဆိပ်ခံတံတား၊ စက်ဆီရောစပ် စည်သွတ်စက်ရုံနှင့် ရေနံချက်စက်ရုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက အချို့စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအနီး ဒေသအခေါ် ရေနံကုန်းပေါ်တွင် ခရစ်နှစ် ၁၇၄၉ ခုနှစ်က တည်ဆောက်ခဲ့သည့် Immacu-late Conception Catholic Church (ပေါ်တူဂီကျောင်း) သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ရှေးဟောင်းလက်ရာ အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သင့်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယခုလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီရုံး၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြို့တော်သန့်ရှင်းသာယာလှပရေးဆိုင်ရာများနှင့် ပတ်သက်၍ မိုးတွင်းကာလ မြို့တွင်း၌ ရေကြီး၊ ရေလျှံမှုမဖြစ်ရေး၊ ယာဉ်စည်းကမ်း လိုက်နာစေရေး၊ ခြောက်သွေ့ရာသီ၌ သုံးရေလုံလောက်ရေး စသည့်လက်တွေ့ပြည်သူဘဝကို အကျိုးရှိစေမည့် လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့မှုအပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ယခုနှစ်မိုးရာသီအတွင်း ရေကြီးရေလျှံမှု လျော့ပါးစေရန် ဆောင်ရွက်နေမှု

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**"အချို့စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့"**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လမ်းမတော်မြို့နယ်ရှိ ရွာသစ်ချောင်း မြစ်ထွက်ပေါက်ကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးရေဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းအကြားနေရာရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်း ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့နှင့် တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### သားငါးလိုအပ်ချက်များ ဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ပြည်သူများ စားသောက်မှုအဆင်ပြေစေရန်ဖြစ်ကြောင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် ရွှေမုယင်းငါးကန်တို့တွင် ငါးနှင့် ဘဲများကိုလည်းကောင်း၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် အသားစားနွားနှင့် နို့စားနွားများ၊ ဝက်၊ ကြက်နှင့် ဆိတ်များကို

စာမျက်နှာ ၆ သို့

စာမျက်နှာ ၄ မှ

အခြေအနေများအား ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရေကြီးရေလျှံမှု ယခင်ကထက် လျော့နည်းရေး

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်းရှိ မြစ်ထွက်ပေါက် ရေမြောင်းနေရာ၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ် ၁၀ ရေတံခါးနှင့် လမ်းမတော်မြို့နယ်ရှိ ရွာသစ်ချောင်း မြစ်ထွက်ပေါက်နေရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြီးရေလျှံမှုများ ယခင်ကထက် လျော့နည်းစေရေး စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ကို တွေ့ရစဉ်။

*စာမျက်နှာ ၅ မှ*

လည်းကောင်း မွေးမြူ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း သားငါးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း **သက်ဆိုင်ရာ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် အသား၊ ငါးများအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဈေးနှုန်းသက်သာစွာ စားသောက်နိုင်ပြီး ပြည်သူများ အသားနှင့်ငါးစားသုံးမှု မြင့်မားလာကာ ကျန်းမာကြံ့ခိုင်မှု ရှိလာမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိမှသာ ပညာရည်မြင့်မားရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်** ကြောင်း၊ အသား၊ ငါးများအား သက်သာသော ဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ရောင်းချပေးနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် အသား၊ ငါးဈေးနှုန်းများ ကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အသား၊ ငါး ထွက်ကုန်များအား ပြည်ပသို့ တင်ပို့နိုင်ရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် စနစ်တကျဖြင့် စံပြဖြစ်အောင် စီမံဆောင်ရွက်ရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး သားဖောက်ခြင်းလုပ်ငန်းများအား သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ထို့အပြင် ငါးသယံဇာတ ပေါများစေရေး အတွက် မြစ်ချောင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## သုတေသနပြုဆောင်ရွက်

**စိုက်ပျိုးရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်များ အရည်အသွေးပြည့်မီရေးအတွက် အထွက်နှုန်းကောင်းမွန်၍ အရည်အသွေးပြည့်ဝသည့် စပါးမျိုးများ စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များ ရရှိအောင် သုတေသနပြု စိုက်ပျိုးရန်လို** ကြောင်း၊ ပြည်တွင်း ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်ရောင်းချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ စနစ်တကျပြုပြင်ထားသည့် မြေဖြစ်ရန်၊ စိုက်နည်းစနစ် မှန်ကန်ရန်နှင့် ရေဖူလုံစွာ ရရှိရန်လိုကြောင်း၊ သို့မှသာ အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေး ထုတ်ကုန်များ ရရှိမည်ဖြစ်ကြောင်း၊ တပ်မိသားစုဝင်များသာမက ပြည်သူများ အသား၊ ငါးနှင့် စိုက်ပျိုးရေးထုတ်ကုန်များအား သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ဘဲမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ဘဲဥများအား ကြည့်ရှုပြီး မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှု၊ ငါးမွေးမြူထားရှိမှုနှင့် ဘဲမွေးမြူထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်း ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်း ငါးမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**❐ သက်ဆိုင်ရာ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် အသား၊ ငါးများအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဈေးနှုန်းသက်သာစွာ စားသောက်နိုင်ပြီး ပြည်သူများ အသားနှင့်ငါး စားသုံးမှု မြင့်မားလာကာ ကျန်းမာကြံ့ခိုင်မှုရှိလာမည်ဖြစ်၊ ကျန်းမာကြံ့ခိုင်မှုရှိမှသာ ပညာရည်မြင့်မားရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

**❐ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်များ အရည်အသွေးပြည့်မီရေးအတွက် အထွက်နှုန်းကောင်းမွန်၍ အရည်အသွေးပြည့်ဝသည့် စပါးမျိုးများ စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များ ရရှိအောင် သုတေသနပြု စိုက်ပျိုးရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်း ဘဲမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မြို့ပြနှင့်ကျေးလက် ကွာဟမှုလျှော့ချရန်လိုအပ်

တစ်နိုင်ငံလုံး လူမှုစီးပွားဘဝမြင့်တက်လာစေရေးအတွက် ဆင်းရဲချမ်းသာ ကွာဟမှု လျှော့ချရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှု ညီမျှအောင်ဆောင်ရွက်ရန်၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုလျှော့ချရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိကလိုအပ်ချက် ၄ ချက် ရှိကြောင်း၊ ၎င်းတို့မှာ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေရေးတို့ ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများကို ကြည့်ရှုစစ်ဆေး





နေပြည်တော် ဧပြီ ၃၀

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဧပြီ ၂၉ ရက်တွင် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၊ ကုန်းလမ်းပို့ဆောင်ရေး (ကုန်စည်ဌာနခွဲ)နှင့် မြစ်ငယ်မြို့ရှိ ကုန်းတွင်းဆိပ် (Dry Port) နေရာများဖြစ်သော Kerry Mother Terminal and Logistics Limited၊ Resource Group Logistics Co.Ltd တို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) တို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဌာနများသို့ ရောက်ရှိချိန်တွင် ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများဖြင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဌာနအကြီးအကဲများက ဌာနများ၏ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် တည်ဆောက်ရေးနှင့် စီမံကိန်းလုပ်ငန်းများ၊ ဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်မှု၊ ဝန်ထမ်းသက်သာ ချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားမှု အခြေအနေများ၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)တွင် တွဲသစ် တည်ဆောက်ရေးလုပ်ငန်းများကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ပြီး ဌာနများမှ အရာထမ်းများနှင့် အမှုထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**တွေ့ဆုံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ အောင်ဆန်းခန်းမတွင် ဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများကို နံနက်ပိုင်းတွင် လည်းကောင်း၊ မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)မှ အရာ ထမ်း၊ အမှုထမ်းများကို မွန်းလွဲပိုင်းတွင် တွဲတည်ဆောက်ရေးစက်ရုံသစ်၊ ရှင်းလင်းဆောင်ခန်းမ၌လည်းကောင်း တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရွေးကောက်ပွဲကာလ မဲစာရင်းအမှားအယွင်းများပြားလွန်းမှုများကြောင့် ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ထုတ်ပြန်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**သစ္စာစောင့်သိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ထိန်းသိမ်းမှုအပေါ် မကျေနပ်၍ အေးချမ်းစွာဆန္ဒပြနေရာမှ မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် လူစုလူဝေးများဖြင့် ဆူပူဆန္ဒပြခြင်း၊ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက် ဆန္ဒပြခြင်း၊ ရရာလက်နက်များဖြင့် တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အကြမ်းဖက်ရာတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အရပ်သားအပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်လာပြီး ဝန်ထမ်းများပါ CDM လှုပ်ရှားမှုများတွင် ပါဝင်လာအောင် သွေးထိုးလှုံ့ဆော်ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အချို့ဝန်ထမ်းများ ပုဒ်မ၅၀၅-က ဖြင့် တရားစွဲဆိုခံရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှုမရှိခဲ့သူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည် တာဝန်ထမ်းဆောင်လိုပါက ဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်၊ ကာယကံရှင်၏ ဝန်ခံကတိပြုချက်၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ထောက်ခံချက်များဖြင့် ရာဇဝတ်ကြောင်းအရ တရားစွဲထားမှုများကို ပြန်လည်ရုပ်သိမ်းပေးနိုင်ရေး သုံးသပ်ဆောင်ရွက်ရန် လမ်းညွှန်ပေးထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းပျက်ကွက်မှုများပြားသည့် ဌာနများအနေဖြင့် ဌာန၏ လုပ်ငန်းများ ရပ်တန့်သည်အထိ ဖြစ်ပွားခဲ့မှုအပေါ် ပြန်လည်သုံးသပ်ရန်၊ လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် မိမိဌာန၏ လုပ်ငန်းများ ရပ်တန့်မှုမဖြစ်စေရေး၊ လုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်းဝင်းအတွင်းရှိ သင်ကြားမှုအထောက်အကူပစ္စည်းဖြစ်သော ရေနွေးငွေ့စက်ခေါင်း၊ သင်တန်းသားများ စားရိပ်သာ၊ သင်တန်းသားအိပ်ဆောင်များ၊ Driving Simulator၊ စာသင်ခန်းများ၊ ရထားသင်တန်း အထောက်အကူပြုသရုပ်ပြဆောင်၊ မော်တော်ယာဉ်သင်တန်း အထောက်အကူပြုသရုပ်ပြဆောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၏ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများနှင့် ရုံးအဆောက်အအုံ၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၏ ရုံးအဆောက်အအုံ၊ ကုန်းလမ်းပို့ဆောင်ရေး (ကုန်စည်ဌာနခွဲ-မိတ္ထီလာ) ၏ ယာဉ်မောင်း သင်တန်းကျောင်းနေရာ၊ မြစ်ငယ်မြို့ရှိ ကုန်းတွင်းဆိပ် (Dry Port) နှင့် ဆက်စပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံပြသပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယနေ့ကိုရင် နောင်တွင်ထေရ်ကြီး

**— — ကေကေ(မဟာဝိဇ္ဇာ) — —**

**မြန်မာ့ယဉ်ကျေးမှု၌ ရှင်ပြုမင်္ဂလာဟုရှိ၏။ ရှင်ပြု အံ့ဆဲလုလင်ကို ရှင်လောင်း/မောင်ရှင်လောင်းဟုခေါ်၏။ ဆံရိတ်ဆံချခေါင်းတုံးတုံး၍ သင်္ကန်းတောင်းပြီး စည်းပေးလိုက်သောအခါ ကိုရင်/သာမဏေ ဖြစ်လာသည်။ ဆယ်ပါးသီလနှင့် ရှင့်ကျင့်ဝတ် ၇၅ ပါးကို စောင့်ထိန်းရသည်။ ထေရဝါဒသာသနာတွင် အငယ်ဆုံး၊ အနိမ့်ဆုံး သာသနာ့ဝန်ဆောင်ဖြစ်သည်။**


ဓာတ်ပုံ - သိခ်

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ရှင်သာရိပုတ္တရာမထေရ်မြတ်၏ သင်္ကန်းအနားမညီပုံကို ခုနစ်နှစ်သား ကိုရင်ငယ်လေးက ထောက်ပြလျှောက်ထားခဲ့ရာ "ခုနစ်နှစ်အရွယ်ဖြစ်ပါစေ၊ ငါ့ကိုဆုံးမတာကို ဦးထိပ်ပန်ဆင်ပြီး လေးစားစွာ နာခံပါသည်" ဟု မိန့်တော်မူ၍ သင်္ကန်းပြင်ရုံပြီးနောက် "ငါ့ရှင်လေး၊ ငါ့သင်္ကန်းညီပါပြီလော" ဟု ပြန်လည်လျှောက်ထား လိုက်နာကျင့်ဆောင်တော်မူခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီးကို အရိယာသူတော်စင် နိဂြောဓသာမဏေငယ်လေးက "မမေ့မလျော့နေပါက နိဗ္ဗာန်ရခြင်း၏ အကြောင်းဖြစ်၏၊ မေ့လျော့ချေပါက သေခြင်း၏ အကြောင်းဖြစ်၏" ဟု အဓိပ္ပာယ်ရသော **"အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ"** တရားအနှစ်ဂါထာနှစ်ပိုဒ်ဖြင့် မင်းကြီး၏အပူကို ငြိမ်းပေးခဲ့သည်။

သာမဏေငယ်ပင်ဖြစ်လင့်ကစား ဝိနည်းလေးစားမှု၊ အာသဝေါကင်းစင်မှုကို သာဓကပုံဆောင်ခြင်းဖြစ်ပါသည်။ ယနေ့သာမဏေများတွင် သင်္ကန်းမနိုင့်တနိုင် ကိုရင်ငယ်လေးများ (ဒုလ္လဘ)၊ ကစားမက်သော ကိုရင်ငယ်လေးများ၊ အကြောင်းအမျိုးမျိုးဖြင့် ကျောင်းပျော်အောင်ထားရသော ကိုရင်ငယ်လေးများ ရှိတတ်ပါသည်။ သို့သော် သူတို့ (ဒုလ္လဘမှလွဲ၍)သည် ကျောင်းထိုင်ဘုန်းကြီးများ၊ ဆရာမထေရ်များ၏ သွန်သင်ပြသမှုဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ အခြေခံကို ပျိုးထောင်ကြရသည်။ သူတို့တွင် စာဝါလိုက်ချိန်၊ စာအံချိန်ရှိသည်။

"စာပလွေ ရင်မှာပိုက်ပါလို့၊ ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်၊ ဘယ်စာကို ဘယ်နှဝါ မောင်သင်မလို့တုန်း၊ ပျိုလေးကို သံချိုနှော၊ ပြောခဲ့အုံး (ဦး)" ဟူသော ကဗျာတေးချင်းက ကိုရင်/ သာမဏေနှင့် စာပေ၏ ဆက်စပ်ပုံကို ညွှန်ပြပေးနေဆဲ ပုံရိပ်ဆောင်သာဓကဖြစ်သည်။

### သာမဏေကျော်စာမေးပွဲ

၁၈၈၅ ခုနှစ် ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာတော် နိမ့်လျော့မည့်အရေးကို တွေးပူမိသဖြင့် နိုင်ငံတော်ကကျင်းပသည့် ပထမပြန်စာမေးပွဲအပြင် စာသင်သားများအတွက် ပရိယတ္တိစာပေ ပိုမိုနှံ့စပ်ကျွမ်းကျင်စေမည့် စာမေးပွဲများကို အစိုးရမဟုတ်သော အသင်းအဖွဲ့များက တီထွင်ကျင်းပခဲ့ကြကြောင်း သိရှိရသည်။ ၁၉၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် မန္တလေးမြို့ သကျသီဟစာမေးပွဲ၊ ၁၉၁၈ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲ၊ ၁၉၂၂ ခုနှစ်တွင် သထုံမြို့ သုဝဏ္ဏဘုမ္မိ ပရိယတ္တိစာမေးပွဲ၊ ၁၉၃၀ ပြည့်နှစ်တွင် မော်လမြိုင်မြို့ သုသမာစာရပရိယတ္တိစာမေးပွဲဟူ၍ အသီးသီးပေါ်ပေါက်လာခဲ့သည်။

၁၉၄၉ ခုနှစ် (၁၃၁၁ ခုနှစ်)တွင် အသက်၂၀ မပြည့်သေးသည့် ရှင်သာမဏေတို့နှင့် သင့်လျော်သော စာမေးပွဲမျိုးကျင်းပရန် ရည်ရွယ်ပြီး တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးဆွဲ သတ်မှတ်ပေးတော်မူခဲ့သည့် စည်းမျဉ်း ဥပဒေပြဋ္ဌာန်းကျမ်းစာများဖြင့် **"သာသနာလင်္ကာရ သာမဏေကျော်"** စာမေးပွဲကို ထပ်တိုးကျင်းပခဲ့သည်။ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးက စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

**၁၈၈၅ ခုနှစ် ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာတော် နိမ့်လျော့မည့်အရေးကို တွေးပူမိသဖြင့် နိုင်ငံတော်က ကျင်းပသည့် ပထမပြန်စာမေးပွဲအပြင် စာသင်သားများအတွက် ပရိယတ္တိစာပေ ပိုမိုနှံ့စပ်ကျွမ်းကျင်စေမည့် စာမေးပွဲများကို အစိုးရမဟုတ်သော အသင်းအဖွဲ့များက တီထွင်ကျင်းပခဲ့ကြ**

**"အလင်္ကာရ"** ဆိုသည်မှာ **"အဆင်တန်ဆာ"** ဟု အဓိပ္ပာယ်ရသည်။ သာသနာတော်၏ အဆင်တန်ဆာဖြစ်သော ထူးချွန်သည့် ရှင်သာမဏေများကို မွေးထုတ်ပေးသည့် စာမေးပွဲဖြစ်သည်။ စာမေးပွဲကို အဆင့်သုံးဆင့်ဖြင့်ကျင်းပပြီး သုံးဆင့်လုံး အောင်မြင်ပါက သာမဏေဘွဲ့နောက်တွင် **"အလင်္ကာရ"** ဘွဲ့ကို ဆက်ကပ်သည်။ ဥပမာ သာမဏေဘွဲ့က ရှင်ကုမာရဖြစ်လျှင် သာမဏေကျော်သုံးဆင့်လုံး အောင်မြင်ပြီးပါက **"ရှင်ကုမာရာလင်္ကာရ"**ဟု ဂုဏ်ပြုခေါ်တွင်သည်။

**(အလင်္ကာရ- ဘွဲ့ဂုဏ်ထူးတွင်ပါရှိသည့် အ-အက္ခရာသည် သဒ္ဒါနည်းအရ မူလဘွဲ့အဆုံးအက္ခရာကို (ဒီဃ)ရေးချအဖြစ်ပြောင်းလဲပေးသည်။)**

အဦးဆုံးကျင်းပသည့် မန္တလေးသာမဏေကျော်စာမေးပွဲကို နှစ်စဉ် နတ်တော်လနှင့် ပြာသိုလတွင် ကျင်းပသည်။ ယခုအခါ ကိုဗစ်-၁၉ နောက်သောကြောင့် သာသနာရေးဆိုင်ရာ စာမေးပွဲများ၏ကျင်းပချိန်မှာ ပြောင်းလဲမှုတွေရှိလာပါသည်။ အထက်မှာရေးခဲ့သလို စာမေးပွဲကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ အဆင့် (၃)ဆင့် ခွဲထားရာ တစ်ဆင့်အောင်မှ နောက်တစ်ဆင့် ဖြေဆိုခွင့်ရသည်။ ပထမအဆင့်တွင် သဒ္ဒါရေး၊ သင်္ဂြိုဟ်ရေးနှင့် ပါဠိအနက် ပြန်ဆိုခြင်း စသည့် နှုတ်ဖြေစာမေးပွဲကို ထည့်သွင်းထားသည်။ ပထမအဆင့်ကို ဝင်ရောက်ဖြေဆိုလိုပါက တစ်ရက် အာဂုံနှုတ်ဖြေစာမေးပွဲကို ဖြေဆိုရသည်။ အာဂုံနှုတ်ဖြေ အောင်မြင်ပါမှ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ရှိသည်။ ဒုတိယအဆင့်နှင့် တတိယအဆင့် စာမေးပွဲများအတွက်မူ အာဂုံနှုတ်ဖြေ ဖြေဆိုရန် မလိုအပ်တော့ပါ။ ရေးဖြေစာမေးပွဲ ဖြေဆိုသည့်အခါ ပထမရက်-ဝိနည်းကျမ်း၊ ဒုတိယရက်-အင်္ဂုတ္တိုရ်ကျမ်းနှင့် တတိယရက်-ဓမ္မပဒကျမ်းဟု သုံးကျမ်းသုံးရက် ဖြေဆိုရသည်။ ဒုတိယအဆင့်နှင့် တတိယအဆင့်များမှာလည်း အလားတူ သုံးကျမ်းသုံးရက်ပင်ဖြစ်သည်။ ပြဋ္ဌာန်းစာများ အဆင့်မြှင့်တင်ပြောင်းလဲသွားသော်လည်း ဘာသာရပ်ခေါင်းစဉ်မှာ အတူတူပင်ဖြစ်သည်။

### ပြဋ္ဌာန်းကျမ်းစာ

သာမဏေကျော်စာမေးပွဲအတွက် ပြဋ္ဌာန်းထားသော သင်ရိုးကျမ်းစာများမှာ ဝိနည်းကျမ်းများ၊ အင်္ဂုတ္တိုရ်ကျမ်းများနှင့် ဓမ္မပဒပါဠိတော် အဋ္ဌကထာကျမ်းတို့ ဖြစ်ကြသည်။ သဒ္ဒါနည်း၊ အာဘော်၊ သံဝဏ္ဏနာအစရှိသော ဓမ္မာစရိယတန်းဆိုင်ရာ နည်းစနစ်များဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ သာမဏေ (ကိုရင်)များ၏ ပရိယတ္တိစာပေအဆင့်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ သာမဏေကျော်စာမေးပွဲ အောင်မြင်ပြီးပါက ဓမ္မာစရိယ (စာချတန်း) စာမေးပွဲကို အလွယ်တကူ ဖြေဆိုနိုင်ရုံမျှမက တိပိဋကစာမေးပွဲကိုပါ အခက်အခဲနည်းပါးစွာ ဖြေဆိုနိုင်သည့် အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များ ဖြစ်လာပါသည်။

### နိုင်ငံတစ်ဝန်းရှိ သာမဏေကျော်စာမေးပွဲများ

တိုင်းဒေသကြီး/ ပြည်နယ် ၁၁ ခုရှိ မြို့နယ် ၁၇ မြို့နယ်တွင် သာမဏေကျော် စာမေးပွဲကို အမည်အမျိုးမျိုးဖြင့် ကျင်းပကြသည်။ စာမေးပွဲသင်ရိုးတူညီကြသော်လည်း အသင်းအဖွဲ့အလိုက်ဖြေဆိုရက် သတ်မှတ်ခြင်း၊ မေးခွန်းထုတ်ခြင်း၊ ပူဇော်ပွဲကျင်းပခြင်းတို့ကို သီးခြားလွတ်လပ်စွာ ဆောင်ရွက်ကြပါသည်။ စာမေးပွဲမရှိသောဒေသမှ သာမဏေများသည် စာမေးပွဲရှိရာ မြို့နယ်များသို့ သွားရောက်ဖြေဆိုနိုင်ကြသည်။

စာဖြေသာမဏေအင်အားမှာ စာဖြေဌာန တစ်ခုနှင့်တစ်ခု မတူချေ။ မှတ်တမ်းများအရ အနည်းဆုံး အပါး ၁၀၀ မှ အများဆုံး အပါး ၃၀၀၀ အတွင်း ရှိပေသည်။

*စာမျက်နှာ ၉ သို့*

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | စာမေးပွဲအမည် | ပေးအပ်သည့်ဘွဲ့ | စတင်သည့်နှစ် | ကျင်းပသည့်လ |
|---|---|---|---|---|---|---|
| ၁။ | ကရင်ပြည်နယ် | ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့ | သာမဏေကျော် | အလင်္ကာရ | ၂၀၁၆ | ဖေဖော်ဝါရီလ |
| ၂။ | စစ်ကိုင်းတိုင်း | မုံရွာမြို့ | ပိဋကာ လင်္ကာရ ပရိယတ္တိ | ပိဋကာလင်္ကာရ | ၂၀၀၅ | ဇန်နဝါရီလ |
| ၃။ | ပဲခူးတိုင်း | ပဲခူးမြို့ | ပရိယတ္တိသဒ္ဓမ္မရက္ခိတ | အလင်္ကာရ | ၁၉၈၄ | ဒီဇင်ဘာလ |
| ၄။ | | တောင်ငူမြို့ | ပရိယတ္တိသာသနမူလသာမဏေကျော် | အလင်္ကာရ | ၂၀၁၉ | ဇန်နဝါရီလ |
| ၅။ | မကွေးတိုင်း | ပခုက္ကူမြို့ | သာသနစက္ကပဝတ္တကသာမဏေကျော် | သာသနာလင်္ကာရအကျော် | ၁၉၉၉ | ဇန်နဝါရီလ |
| ၆။ | | မြင်းခြံမြို့ | ပုညမဥ္ဇူရီသာမဏေကျော် | အလင်္ကာရ | ၁၉၉၉ | နိုဝင်ဘာလ |
| ၇။ | မန္တလေးတိုင်း | မိုးကုတ်မြို့ | ထာဝရသဒ္ဓမ္မာလင်္ကာရ | အလင်္ကာရ | ၂၀၁၉ | နိုဝင်ဘာလ |
| ၈။ | | တံတားဦးမြို့ | သူငယ်တော်တောရသာမဏေလင်္ကာရ | အလင်္ကာရ | ၂၀၁၈ | ဒီဇင်ဘာလ |
| ၉။ | | ပြင်ဦးလွင်မြို့ | ပရိယတ္တိသာသနပါလ | အလင်္ကာရ | ၂၀၁၆ | ဖေဖော်ဝါရီလ |
| ၁၀။ | | မန္တလေးမြို့ | သကျသီဟသာမဏေကျော် | အလင်္ကာရ | ၁၉၄၉ | ဇန်နဝါရီလ |
| ၁၁။ | မွန်ပြည်နယ် | သထုံမြို့ | ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရ | အလင်္ကာရ | ၂၀၀၈ | ဇန်နဝါရီလ |
| ၁၂။ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ရက္ခပူရသာမဏေကျော် | အလင်္ကာရ | ၂၀၁၅ | ဖေဖော်ဝါရီလ |
| ၁၃။ | ရန်ကုန်တိုင်း | ဗဟန်း | သာသနာ့ဝန်ဆောင်သာမဏေကျော် | အလင်္ကာရ | ၁၉၈၈ | ဒီဇင်ဘာလ |
| ၁၄။ | ရန်ကုန်တိုင်း | သံလျင် | ပရိယတ္တိသာသနဟိတ သာမဏေကျော် | အလင်္ကာရ | ၂၀၁၅ | ဖေဖော်ဝါရီလ |
| ၁၅။ | ရှမ်းပြည်နယ် | တောင်ကြီးမြို့ | ကမ္ဘောဇသာမဏေကျော် | အလင်္ကာရ | ၁၉၉၀ | နိုဝင်ဘာလ |
| ၁၆။ | ဧရာဝတီတိုင်း | မော်လမြိုင်ကျွန်း | ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော် | အလင်္ကာရ | ၁၉၉၁ | နိုဝင်ဘာလ |
| ၁၇။ | နေပြည်တော် | ဒက္ခိဏသီရိမြို့ | ရန်အောင်မြင်ပရိယတ္တိသာသနာလင်္ကာရ | အလင်္ကာရ | ၂၀၁၃ | ဇန်နဝါရီလ |

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာ အထက်တန်းကျောင်း (မန္တလေး)နှင့် ရွှေနန်းတော်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ် (မန္တလေး) သို့ရောက်ရှိရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ တက္ကသိုလ်တွင် အနုပညာဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့နှင့် ဘွဲ့လွန်အနုပညာ ဒီပလိုမာသင်တန်းများ ပြန်လည်ဖွင့်လှစ်မည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ အနုပညာအထက်တန်းကျောင်း (ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုကျောင်း) (မန္တလေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်နိုင်စိုးက သင်တန်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ လည်းကောင်း စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ကြိုတင်စီစဉ်ဆောင်ရွက်ထား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကျောင်းများ ပိတ်ထားသည်မှာ ၁ နှစ်ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးမှာ နောက်ကျကျန်ရစ်မှု မရှိစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံပေးလျက်ရှိပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်များတွင်လည်း အနုပညာဆိုင်ရာ မဟာဝိဇ္ဇာတန်းများနှင့် ဘွဲ့လွန်အနုပညာ ဒီပလိုမာတန်းများကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဇွန် ၁ ရက်တွင် ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ပုံမှန် သင်တန်းများကို ခွင့်ပြုကာလတွင် ဖွင့်လှစ်နိုင်ရေး၊ အနုပညာအထက်တန်းကျောင်း (ပန်တျာကျောင်းနှင့် ပန်းချီ၊ ပန်းပုကျောင်း) (မန္တလေး)ကို မေ ၃ ရက်တွင် ဖွင့်လှစ်နိုင်ရန်အတွက် သင်တန်းခန်းမနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ပေးရေး၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များတွင် စနစ်တကျနေရာချထားနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် ပြောကြားသည်။

## ပြုစုပျိုးထောင်ပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်စုပေါင်းခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ပေးအပ်လာသည့်တာဝန်ကို ကျေပွန်စွာဖြင့် စွမ်းအားပြည့်ထမ်းဆောင်ကြရန် လိုအပ်ပါကြောင်း၊ ဤဝန်ကြီးဌာနက တာဝန်ယူဖွင့်လှစ်ထားသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၊ အနုပညာအထက်တန်းကျောင်းများ၏ အဓိကတာဝန်သည် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို အခြေပြုပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် မျိုးဆက်သစ် လူငယ်များကို ပြုစုပျိုးထောင်ပေးရန် ဖြစ်ပါကြောင်း၊ ထိုမျိုးဆက်သစ်လူငယ်များ၏ နှလုံးသားထဲတွင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး၏ သိမ်မွေ့ခြင်းကိုအခြေခံသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ထာဝစဉ်ကိန်းအောင်းနေရုံမျှမက ထိုအမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ဆက်လက်ပြန့်ပွားစေရေးကို ဆင့်ကမ်းဆောင်ရွက်နိုင်ကြစေရန် လေ့ကျင့်သင်ကြားပေးသွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက္ကသိုလ်အတွင်း တည်ဆောက်လျက်ရှိသည့် သံကူကွန်ကရစ် ၃ ထပ် စာသင်ဆောင် ၁ လုံးနှင့် ဝန်ထမ်းအိမ်ရာ ၈ ခန်းတွဲ ၄ ထပ် ၁ လုံး တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

## တက်ရောက်ကြည်ညို

ယင်းနောက် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်၊ ဓမ္မထေရိယ မဟာနာယကချုပ် ကျောင်းဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသော ထာဝရ ဆွမ်းပဒေသာပင် ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်၊ ဓမ္မဘာဏကကျောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မစိုးရိမ်တိုက်အတွင်း သီတင်းသုံး နေထိုင်တော်မူကြသော ပရိယတ္တိဝန်ဆောင် ဆရာတော်များ ဆွမ်း၊ ကွမ်း ကြောင့်ကြမှု မရှိကြစေရန် ရည်သန်၍ ထာဝရဆွမ်းပဒေသာပင်အဖြစ် ငွေကျပ်သိန်း ၁၀၀ ကို စိုက်ထူလှူဒါန်းရခြင်းဖြစ်ပါကြောင်းနှင့် ဆရာတော် သံဃာတော်များ ဘောဇနသပ္ပါယ မျှတပြီး သက်ရှည် ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့ဝေစည်နိုင်မည်ဖြစ်ကြောင်း လျှောက်ထားကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘဒ္ဒန္တကေသရာဘိဝံသ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

## ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အတူ မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကိုကို မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။

---

*စာမျက်နှာ ၈ မှ*

သာမဏေဘဝတွင် ဓမ္မအခြေခံကောင်းခဲ့ပါက ရဟန်း/ပဥ္စင်းဖြစ်သော် စာတတ်၊ ပေတတ်၊ ကျမ်းဂန်တတ် အကျော်အမော်ဖြစ်လာနိုင်သည်။ တရားဟောနေသော ဓမ္မကထိကများ၊ ပရိယတ္တိ၊ ပဋိပတ္တိ သင်ကြားပို့ချနေသော စာချအကျော် ဆရာတော်များ၊ ခန္ဓာဉာဏ်ရောက် တရားပြနေသော ကမ္မဋ္ဌာန်း ဆရာတော်များသည် တစ်ချိန်က သာမဏေ(ကိုရင်)ဘဝကို ဖြတ်သန်းလာခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်သည်။ ဆိုလိုသည်မှာ သာမဏေ (ကိုရင်)များသည် ထေရဝါဒဗုဒ္ဓသာသနာ၏ အရန်အင်အားများဖြစ်သောကြောင့် သာသနာတော်အဓွန့်ရှည်တည်တံ့ရေးအတွက် အငယ်ဆုံး၊ အနိမ့်ဆုံး သာသနာဝင် ကိုရင်သာမဏေများ၏ ပညာရေးကို အလေးထားပြုစုပျိုးထောင်ပေးရန်မှာ အဓိကကျသော အကြောင်းအချက်တစ်ခု ဖြစ်သည်။

သာမဏေကျော် စာမေးပွဲများကို အစိုးရက ဦးဆောင်ကျင်းပခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ စေတနာ့ဝန်ထမ်း သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များက ကျင်းပပေးကြခြင်းဖြစ်သည်။ အလွန်လေးစားဖွယ်၊ ချီးကျူးဖွယ်ကောင်းသော သာသနာရေးဆိုင်ရာ မြင့်မြတ်သည့် အစဉ်အလာ အလေ့အထအဖြစ် တည်ရှိနေသည်။ ထိုအဖွဲ့များ ရပ်တည်နိုင်ရေးအတွက် အလှူရှင်များလိုအပ်သည်။ စာမေးပွဲကျင်းပပေးသော အသင်းအဖွဲ့များကို ထောက်ပံ့ကူညီရန် လိုအပ်သကဲ့သို့ သာမဏေကျော် စာသင်တိုက်များကိုလည်း အားပေးချီးမြှောက်ရန် အထူးလိုအပ်လှပေသည်။

ဆရာဇော်ဂျီက "အို-တက်လူတို့" ကဗျာတွင် "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟုဖွဲ့ဆိုခဲ့သည်။ သို့ဆိုလျှင် "ယနေ့ကိုရင် နောင်တွင်ထေရ်ကြီး" ဖြစ်မလာနိုင်ဟု မည်သူပြောဝံ့ပါအံ့နည်း။ ။

---

❖ *ကျောဖုံးမှ*

ဖာနန်ဒက်ဇ်က သွင်းယူပေးခဲ့သည်။ ရိုးမားအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၁၅ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ပယ်နယ်တီမှတစ်ဆင့် ပယ်လီဂရီနီက အမှားအယွင်းမရှိ သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း ရိုးမားအသင်းသည် မန်ယူအသင်းကို ဒုတိယဂိုးရရှိသည်အထိ ဖိအားပေးကစားလာနိုင်ခဲ့သည်ကို တွေ့ရသည်။ ရိုးမားအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် ပယ်လီဂရီနီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒီဇီကိုက သွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် လိုအပ်နေသည့်ဂိုးများကို သွင်းယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းကို ရိုးမားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီတွင် မန်ယူအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဖာနန်ဒက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ကာဗာနီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ပွဲမှာတစ်ဖက်နှစ်ဂိုးစီဖြစ်လာခဲ့သောကြောင့် အကြိတ်အနယ်ရှိလာခဲ့သည်။ မန်ယူအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် ကာဗာနီက သွင်းယူပေးခဲ့ပြီး စတုတ္ထဂိုးကို ဖာနန်ဒက်ဇ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ မန်ယူအသင်းအတွက် ပဉ္စမမြောက်ဂိုးကို ဖာနန်ဒက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ပေါ့ဂ်ဘာက သွင်းယူပေးနိုင်ခဲ့ပြီး ဆဋ္ဌမမြောက်ဂိုးကို ကာဗာနီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂရင်းဝုဒ်က သွင်းယူပေးခဲ့သည်။ ယနေ့ပွဲစဉ်တွင် မန်ယူအသင်းသည် ရိုးမားအသင်းအပေါ် ခြေအသာ၊ ဂိုးအသာဖြင့် သိသိသာသာ ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် မန်ယူအသင်းမှ ကာဗာနီ၊ ဖာနန်ဒက်ဇ် ဟန်ချက်ညီညီကစားနိုင်ခဲ့သည်ကို တွေ့ရသည်။

မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် ရိုးမားအသင်းကို ခြောက်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ၁၉၆၄ ခုနှစ် မေလနောက်ပိုင်း ဥရောပပြိုင်ပွဲဆီမီးဖိုင်နယ်တွင် ပြိုင်ဘက်အသင်းကို ခြောက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးအသင်း ဖြစ်လာခဲ့သည်။

အခြားသော ပွဲစဉ်တစ်ပွဲဖြစ်သည့် ဗီလာရီးရဲအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် ဗီလာရီးရဲအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်နှင့် ရေဦးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက်ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မဲရုံ ၇၆ ရုံ | ၈၉၈၄၁ | ၆၆၈၁၁ | ၄၂၀၅ | ၇၁၂ | ၉၄၇၄ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မဲရုံ ၉၀ ရုံ | ၁၀၄၆၈၄ | ၈၆၀၀၇ | ၂၆၁၃ | ၆၅၄ | ၁၁၂၁၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်နှင့် ရေဦးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၁၆၆ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၂၀၈၉၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၈၂၀၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၂၆၉၈ ၊ မြေပြင်လက်ကျန် ၆၁၇၉၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၅၁၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၁၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြောင်မြို့နယ် | ၇၆ | ၁၀၂၃၅၂ | ၇၄၅၈၆ | ၂၇၇၆၆ | ၂၇၂၇၄ | ၅၂၀ | ၂၈ |
| ၂ | ရေဦးမြို့နယ် | ၉၀ | ၁၁၈၅၄၆ | ၈၃၆၁၄ | ၃၄၉၃၂ | ၃၄၅၁၉ | ၉၉၇ | ၅၈၄ |
| | စုစုပေါင်း | ၁၆၆ | ၂၂၀၈၉၈ | ၁၅၈၂၀၀ | ၆၂၆၉၈ | ၆၁၇၉၃ | ၁၅၁၇ | ၆၁၂ |

### မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၇၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၀၂၃၅၂၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၄၅၈၆ ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၂၇၇၆၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၂၇၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၅၉၀၀ | ၇၄၃၂၇ | ၂၁၅၇၃ | ၂၁၀၈၁ | ၅၂၀ | ၂၈ |
| ၂ | မြို့နယ်မဲလက်မှတ် | ၆၄၅၂ | ၂၅၉ | ၆၁၉၃ | ၆၁၉၃ | | |
| | စုစုပေါင်း | ၁၀၂၃၅၂ | ၇၄၅၈၆ | ၂၇၇၆၆ | ၂၇၂၇၄ | ၅၂၀ | ၂၈ |

၆။ မြောင်မြို့နယ်၊ ကျေးရွာအုပ်စု ၇ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၅၂၀ လျော့နည်းပျောက်ဆုံးနေပြီး ကျေးရွာအုပ်စု ၂ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၈ စောင် ပိုမိုလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့သစ်ရပ်ကွက် | ၁ | ၂၀၀၀ | ၁၆၁၂ | ၃၈၈ | ၃၈၈ | | |
| ၂ | မြောက်ရပ်ကွက် | ၁ | ၂၀၅၀ | ၁၆၄၀ | ၄၁၀ | ၄၁၀ | | |
| ၃ | ကျောင်းဖြူကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၆၃ | ၂၈၇ | ၂၈၇ | | |
| ၄ | ကျောက်ဖူးကုန်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၄၅ | ၅၀၅ | ၅၀၅ | | |
| ၅ | ကင်းရွာကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၄၂၀ | ၄၃၀ | ၄၃၀ | | |
| ၆ | ကိုးပင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၄၇ | ၂၅၃ | ၂၅၃ | | |
| ၇ | ခေါင်းခွဲကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၄၆၉ | ၃၃၁ | ၂၈၁ | ၅၀ | |
| ၈ | ချောင်းဇင်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၈၀ | ၃၇၀ | ၃၇၀ | | |
| ၉ | ငါးပါယ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၇၃ | ၁၇၇ | ၁၇၇ | | |
| ၁၀ | ငါးရန့်အိုကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၂၅ | ၅၂၅ | ၅၂၅ | | |
| ၁၁ | ဇီးကျွန်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၈၃ | ၂၁၇ | ၂၁၇ | | |
| ၁၂ | ညောင်ကားယားကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၁၈ | ၂၈၂ | ၂၈၂ | | |
| ၁၃ | နဂါးပေါက်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၉၇ | ၃၀၃ | ၃၀၃ | | |
| ၁၄ | နေပူကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၄၇ | ၂၅၃ | ၂၅၃ | | |
| ၁၅ | ပန်းညိုကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၆၀၈ | ၆၄၂ | ၆၄၂ | | |
| ၁၆ | ပေါက်ချောင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၇၈ | ၂၇၂ | ၂၇၂ | | |
| ၁၇ | ပေါက်တောကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၄၇၈ | ၅၂၂ | ၅၂၂ | | |
| ၁၈ | ဘူးကိုင်းကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၄၅၈ | ၄၄၂ | ၄၆၂ | | ၂၀ |
| ၁၉ | ဘုန်းခေါင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၅၀ | ၃၅၀ | ၃၅၀ | | |
| ၂၀ | မရိုးကုန်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၈၈၈ | ၅၆၂ | ၅၇၀ | | ၈ |
| ၂၁ | မင်းတန်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၃၀၂ | ၃၉၈ | ၃၉၈ | | |
| ၂၂ | မယ်မသော်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၂၁ | ၃၇၉ | ၃၇၉ | | |
| ၂၃ | မြစ်ဆုံကျေးရွာအုပ်စု | ၁ | ၂၅၀၀ | ၁၈၉၀ | ၆၁၀ | ၆၁၀ | | |
| ၂၄ | ရွာပုလဲကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၁၁ | ၃၃၉ | ၃၃၉ | | |
| ၂၅ | ရွှေပေါက်ပင်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၅၃၅ | ၆၁၅ | ၆၁၅ | | |
| ၂၆ | ရွှေဘုံသာကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၂၅၆ | ၂၄၄ | ၂၄၄ | | |
| ၂၇ | သရက်သာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၂ | ၂၃၈ | ၂၃၈ | | |
| ၂၈ | သာဒွန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၅၇ | ၄၄၃ | ၄၄၃ | | |
| ၂၉ | အိုင်သာကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၈ | ၁၄၂ | ၁၄၂ | | |
| ၃၀ | တောင်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၂၉၅ | ၄၀၅ | ၄၀၅ | | |
| ၃၁ | အလယ်ရပ်ကွက် | ၁ | ၁၃၀၀ | ၁၀၁၈ | ၂၈၂ | ၂၈၂ | | |
| ၃၂ | ကူးတို့ကုန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၀၇၃ | ၂၇၇ | ၂၇၇ | | |
| ၃၃ | ကျားအိုကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၇၂ | ၁၇၈ | ၁၇၈ | | |
| ၃၄ | ကျောက်တန်းကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၂၀၉၁ | ၄၀၉ | ၄၀၉ | | |
| ၃၅ | ကျောက်ရစ်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၅၅၇ | ၅၄၃ | ၃၄၃ | ၂၀၀ | |
| ၃၆ | ဆူးလေကုန်းကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၈၀ | ၂၂၀ | ၂၂၀ | | |
| ၃၇ | ဇရပ်ကုန်းကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၃၉၃၉ | ၇၆၁ | ၇၁၁ | ၅၀ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ



ရေဦးမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၃၈ | တမဆေးကန်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၀၂၂ | ၁၇၈ | ၁၇၈ | | |
| ၃၉ | တွင်းကြီးကျေးရွာအုပ်စု | ၂ | ၃၉၀၀ | ၃၁၂၃ | ၇၇၇ | ၇၅၇ | ၂၀ | |
| ၄၀ | နဘက်ကျေးရွာအုပ်စု | ၂ | ၃၈၅၀ | ၂၉၈၉ | ၈၆၁ | ၈၆၁ | | |
| ၄၁ | သောင်ကြီးကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၃၈၀ | ၃၇၀ | ၃၇၀ | | |
| ၄၂ | ပရိမ္မကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၂၅၀၂ | ၉၄၈ | ၉၄၈ | | |
| ၄၃ | သီရိဇေယျာကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၈၉၃ | ၅၀၇ | ၅၀၇ | | |
| ၄၄ | ဖွားစောကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၇၄၆ | ၃၅၄ | ၃၅၄ | | |
| ၄၅ | မကျီးဘုတ်ကျေးရွာအုပ်စု | ၁ | ၂၉၀၀ | ၂၃၂၃ | ၅၇၇ | ၅၂၇ | ၅၀ | |
| ၄၆ | မြစ်သာကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၀၆ | ၆၉၄ | ၆၉၄ | | |
| ၄၇ | ရွှေတချောင်းကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၄၉ | ၅၅၁ | ၅၅၁ | | |
| ၄၈ | ရွှေပန်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၃၂ | ၃၆၈ | ၃၆၈ | | |
| ၄၉ | ရွှေပန်းကျွန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၉၁ | ၂၀၉ | ၂၀၉ | | |
| ၅၀ | လက်ယက်မကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၇၁၅ | ၂၈၅ | ၂၈၅ | | |
| ၅၁ | သနပ်ကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၆၈ | ၂၈၂ | ၁၈၂ | ၁၀၀ | |
| ၅၂ | အုတ်နဲ့ဘုတ်ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၁၉၂ | ၆၀၈ | ၅၅၈ | ၅၀ | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၇၆ | ၉၅၉၀၀ | ၇၄၃၂၇ | ၂၁၅၇၃ | ၂၁၀၈၁ | ၅၂၀ | ၂၈ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၄၅၂ | ၂၅၉ | ၆၁၉၃ | ၆၁၉၃ | | |
| | မြို့နယ်ချုပ် စုစုပေါင်း | ၇၆ | ၁၀၂၃၅၂ | ၇၄၅၈၆ | ၂၇၇၆၆ | ၂၇၂၇၄ | ၅၂၀ | ၂၈ |

## ရေဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်တွင် မဲရုံပေါင်း ၉၀ ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၈၅၄၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၃၆၁၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် မဲလက်မှတ်အပို/ပျောက်ဆုံးမှုများ တွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၉၉၇ နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၅၈၄ စောင်ကို တွေ့ရှိရသည်။ မဲရုံမှူးများ လိုက်နာဆောင်ရွက်ရမည့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဓ)ကို လိုက်နာခြင်းမရှိဘဲ လိမ်တောကျေးရွာအုပ်စုမှ နောက်ကျ၍ အပ်နှံထားသော မဲလက်မှတ်စာအုပ် ၁၁ အုပ် (စောင်ရေ ၅၅၀)အား စိစစ်တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၇၅၅၀ | ၈၃၃၀၈ | ၃၄၂၄၂ | ၃၃၈၂၉ | ၉၉၇ | ၅၈၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၀၆ | ၃၀၆ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၉၀ | | ၆၉၀ | ၆၉၀ | | |
| | စုစုပေါင်း | ၁၁၈၅၄၆ | ၈၃၆၁၄ | ၃၄၉၃၂ | ၃၄၅၁၉ | ၉၉၇ | ၅၈၄ |

၉။ ရေဦးမြို့နယ်တွင် မဲရုံ ၉၀ ရှိသည့်အနက် မဲရုံ ၈ ရုံတွင် အပိုဆန္ဒမဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရှိရပြီး မဲရုံ ၁၄ ရုံတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို တွေ့ရှိရပါသည်။ ရေဦးမြို့နယ်ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ် ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ဗိုလ်အောင်ဇေယျရပ်ကွက် | ၂ | ၄၀၀၀ | ၂၇၆၀ | ၁၂၄၀ | ၁၂၄၀ | | |
| ၂ | ရွှေပြည်သာရပ်ကွက် | ၁ | ၁၈၅၀ | ၁၄၄၂ | ၄၀၈ | ၄၀၈ | | |
| ၃ | ရေဦးကုန်းကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၈၅ | ၄၆၅ | ၄၆၅ | | |
| ၄ | ကန်ပေါက်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၆၁ | ၂၈၉ | ၂၈၉ | | |
| ၅ | ကြာပန်းညိုကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၀၂ | ၁၉၈ | ၁၉၈ | | |
| ၆ | ကွမ်းအုံကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၄၀၁ | ၈၄၉ | ၈၄၉ | | |
| ၇ | ခင်ပင်ကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၄၂ | ၂၅၈ | ၂၅၈ | | |
| ၈ | ခေါင်နွဲ့ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၈၉ | ၃၁၁ | ၃၁၁ | | |
| ၉ | ချောင်းဆုံကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၆၁ | ၂၃၉ | ၂၃၉ | | |
| ၁၀ | ချောင်းရှည်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၇၁ | ၃၇၉ | ၃၇၉ | | |
| ၁၁ | စည်သာမြေကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၂၆ | ၃၂၄ | ၃၂၄ | | |
| ၁၂ | ညောင်နီကန်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၁၆၅ | ၆၈၅ | ၆၈၅ | | |
| ၁၃ | ညောင်လယ်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၈၆ | ၃၆၄ | ၃၆၄ | | |
| ၁၄ | တမာတောကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၂၈ | ၆၂၂ | ၆၂၂ | | |
| ၁၅ | တူမောင်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၂၆ | ၂၇၄ | ၂၇၄ | | |
| ၁၆ | နေပူကုန်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၆၁၆ | ၄၈၄ | ၄၈၄ | | |
| ၁၇ | ပလူဇဝကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၈၅ | ၁၁၁၅ | ၁၁၁၅ | | |
| ၁၈ | ပေကြီးကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၄၉ | ၄၀၁ | ၄၀၁ | | |
| ၁၉ | ပုန်းတကားကျေးရွာအုပ်စု | ၂ | ၃၁၀၀ | ၂၃၇၆ | ၇၂၄ | ၇၂၈ | | ၄ |
| ၂၀ | ဖလံခုံကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၈၂ | ၂၁၈ | ၂၁၈ | | |
| ၂၁ | ဖန်းခါးစဉ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၇၅ | ၁၇၅ | ၁၇၅ | | |
| ၂၂ | ဖိန်းကားကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၇ | ၁၈၃ | ၁၈၃ | | |
| ၂၃ | ဘုတ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၄၄ | ၃၀၆ | ၃၀၆ | | |
| ၂၄ | မုန်တိုင်ပင်ကျေးရွာအုပ်စု | ၃ | ၃၇၅၀ | ၂၅၅၁ | ၁၁၉၉ | ၁၁၉၉ | | |
| ၂၅ | ရေမြက်ကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၆၄၇ | ၁၀၀၃ | ၉၅၃ | ၅၀ | |
| ၂၆ | ရွာပုကြီးကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၈၅၅ | ၇၄၅ | ၇၄၅ | | |
| ၂၇ | ရွာငယ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၆၇ | ၁၈၃ | ၁၈၃ | | |
| ၂၈ | လေးရွာကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၆၂၂ | ၅၇၈ | ၅၇၈ | | |
| ၂၉ | လိမ်တောကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၈၇ | ၅၁၃ | ၁၃ | ၅၀၀ | |
| ၃၀ | ဝက်သဲကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၈၆ | ၄၁၄ | ၄၁၄ | | |
| ၃၁ | သံသည်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၃၃၆ | ၄၁၄ | ၃၅၄ | ၆၀ | |
| ၃၂ | အင်တောကျေးရွာအုပ်စု | ၃ | ၄၆၅၀ | ၃၃၄၇ | ၁၃၀၃ | ၁၂၅၃ | ၅၀ | |
| ၃၃ | အင်ပင်ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၂၀၅၂ | ၇၄၈ | ၇၄၈ | | |
| ၃၄ | အောင်ကဲ့ဇင်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၀၂ | ၆၄၈ | ၆၁၉ | ၂၉ | |
| ၃၅ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၂၂၅၀ | ၁၈၀၂ | ၄၄၈ | ၄၄၈ | | |
| ၃၆ | အောင်ချမ်းသာရပ်ကွက် | ၂ | ၄၂၅၀ | ၃၀၃၇ | ၁၂၁၃ | ၁၂၁၃ | | |
| ၃၇ | အောင်ဆန်းရပ်ကွက် | ၂ | ၄၃၅၀ | ၃၃၁၅ | ၁၀၃၅ | ၁၀၃၅ | | |
| ၃၈ | ကုက္ကိုစုကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၅၄၆ | ၄၅၄ | ၄၅၄ | | |
| ၃၉ | ကုံးသာကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၄၇ | ၄၀၃ | ၄၀၃ | | |
| ၄၀ | ကြောင်ပန်းတောကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၄၃ | ၂၅၇ | ၂၅၇ | | |
| ၄၁ | ခြုံရွာကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၁၂၇ | ၅၇၃ | ၆၀၃ | | ၃၀ |
| ၄၂ | ချမ်းသာကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၃၅၈ | ၄၉၂ | ၄၉၂ | | |
| ၄၃ | ပြေပ်တုံကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၇ | ၂၃၃ | ၂၃၃ | | |

စာမျက်နှာ ၁၅ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့ဆေးရုံကြီးများ၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဆေးတက္ကသိုလ်- မန္တလေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ- မန္တလေးသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၃၀

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ဧပြီ ၂၈ ရက်မှ ၂၉ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများ၊ ဆေးတက္ကသိုလ်- မန္တလေး၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန- မန္တလေးနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနခွဲ- မန္တလေးသို့ ကွင်းဆင်းစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၂၈ ရက် မွန်းလွဲ ၃ နာရီတွင် ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက အရေးပေါ်လူနာဌာနတွင် လူနာများ ကုသမှုပေးနိုင်ရန် ပြင်ဆင်ထားရှိမှု၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ အစည်းအဝေးခန်းမတွင် ဝန်ထမ်းများနှင့် တွေ့ဆုံကာ မကြာမီကာလက နိုင်ငံတော်အကြီးအကဲ ခရီးစဉ်အတွင်း ဆေးရုံကြီးသို့ မိမိလာရောက်စဉ် တွေ့ရှိရသည့် အခြေအနေထက် များစွာတိုးတက်မှုရှိသော်လည်း ဆေးရုံလုပ်ငန်းအင်အား ပြည့်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်း၍ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် COVID-19 ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်း အားဖြည့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဧပြီ ၂၉ ရက် နံနက် ၈ နာရီ မိနစ် ၂၀တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးမောင်ကို၊ အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် တွေ့ဆုံကာ ပြည်သူ့ဆေးရုံများ လုပ်ငန်းစွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး၊ COVID- 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များကလည်း ပြန်လည်တင်ပြဆွေးနွေးသည်။

### ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်

နံနက် ၁၀ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ မန္တလေးမြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ တာဝန်ခံ/ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မန္တလေးပြည်သူ့ဆေးရုံကြီး အပါအဝင် မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံများ လုပ်ငန်းပုံမှန်ဆောင်ရွက်နိုင်ရေး အထူးအရေးကြီးလျက် ရှိပါကြောင်း၊ မြို့နယ်/ တိုက်နယ်ဆေးရုံများ လုပ်ငန်းဆောင်ရွက်မှုတိုးတက်လာနေသည်နှင့်အညီ ညွှန်းပို့ဆေးရုံအဆင့်ဖြစ်သည့် ဆေးရုံကြီးများတွင်လည်း လုပ်ငန်း အမြန်စတင်ရန် လိုအပ်နေပါကြောင်း၊ COVID-19 ရောဂါဆိုင်ရာ ကုသရေးလုပ်ငန်း ပြန်လည် ကြိုတင်ပြင်ဆင်ရမည့်အချိန် ဖြစ်နေပါကြောင်း၊ မိမိတို့၏ COVID-19 ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ သတ်မှတ် Protocol အတိုင်း မဆောင်ရွက်နိုင်မီ ရောဂါကူးစက်လာနိုင်သဖြင့် လိုအပ်ချက်များ အမြန်ပြင်ဆင်ကြရန် အရေးကြီးလျက်ရှိပါကြောင်း၊ ကုသရေး/ ဆေးပညာသင်ကြားရေးတွင် အဓိကပါဝင်နေသည့် သင်ကြားရေး ဆေးရုံကြီးများတွင် စံနမူနာပြဖြစ်စေရန် စွမ်းအားပြည့်/အင်အားပြည့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများကို လိုက်နာခြင်း၊ မိမိတို့သက်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာခြင်းစသည့် ကောင်းမွန်သည့် အမွေကို ဆရာများက မျိုးဆက်သစ် တပည့်များသို့ ပေးအပ်နိုင်ရေး ကြိုးစားဆောင်ရွက်ပေးကြပါရန် ဖြစ်ပါကြောင်း၊ ဆင်းရဲချမ်းသာ/ လူမျိုး/ ဘာသာ/ ရန်သူမိတ်ဆွေ မခွဲခြားဘဲ ဆေးကုသမှု ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် လုပ်ငန်းခွင်ပျက်ကွက်နေသူများကို ပြန်လည်ခေါ်ယူရမည် ဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ Professio- nal မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်တိုင် ခံယူချက် မှန်ကန်ရန်နှင့် စည်းကမ်း/ကျင့်ဝတ်လိုက်နာရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ လူနာများကို ဦးစားပေးရန် လိုအပ်လျက်ရှိပါကြောင်း ဆွေးနွေးကာ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အရေးပေါ်လူနာဌာနတွင် လူနာများ လက်ခံကုသနေမှုအခြေအနေ၊ ကင်ဆာရောဂါလူနာများ ဆေးသွင်းကုသမှုခံယူနေမှု၊ အတွင်းလူနာများ လက်ခံကုသနေမှုကိုကြည့်ရှုစစ်ဆေးရာ တာဝန်ကျဆရာဝန်/သူနာပြုများက လိုက်လံရှင်းလင်းပြသခဲ့ပြီး လူနာများကို အားပေးစကား ပြောကြားသည်။

မွန်းလွဲ ၂ နာရီတွင် ဆေးတက္ကသိုလ်- မန္တလေး အစည်းအဝေးခန်းမ၌ မန္တလေးမြို့ပေါ်ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆေးပညာသင်ကြားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်စတင်နိုင်ရေး၊ ဝန်ထမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လက်ရှိဖွင့်လှစ်ထားရှိသည့် ဘွဲ့လွန်သင်တန်းသားများအနေဖြင့် သင်တန်းများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကာ ကျောင်းခေါ်ချိန် အနည်းဆုံး ၉၀ ရာခိုင်နှုန်းရှိမှသာ စာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်ပါသဖြင့် ဌာနမှူးများအနေဖြင့် ကြီးကြပ်ဆောင်ရွက်ရေးတို့အား ဆွေးနွေးမှာကြားကာ တက်ရောက်လာသူများက သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ ဝန်ထမ်းရေးရာ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအမျိုးသမီး ဆေးရုံကြီး- မန္တလေးသို့ ရောက်ရှိခဲ့ပြီး သားဖွားမီးခင်/ မွေးကင်းစလူနာခန်း၊ သားဖွားခန်းများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ထမ်းများလည်း လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လျက်ရှိပြီး ဆေးရုံတွင် အခမဲ့မွေးဖွားမှုနှင့်အတူ ကျန်းမာရေး ဝန်ဆောင်မှုပြန်လည်စတင်နိုင်ပြီဖြစ်သဖြင့် လူနာများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း၊ မွေးကင်းစကလေးငယ်များအတွက် ကာကွယ်ဆေးထိုးလုပ်ငန်း ပြန်လည်စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ မွေးကင်းစကလေးငယ် အထူးကြပ်မတ်ကုသခန်း (Neonatal Intensive Care Unit-NICU) ကို နိုင်ငံတော်က ရန်ပုံငွေ အရင်းအနှီးများစွာဖြင့် ဆောင်ရွက်ထားသော်လည်း မွေးကင်းစကလေးလူနာများအတွက်အသုံးပြုနိုင်ခြင်း မရှိသဖြင့် ပြည်သူလူထုအတွက် အလွန်နစ်နာသောကြောင့် ဆေးပစ္စည်းကိရိယာများ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ကာ ကျွမ်းကျင်ပညာရှင် ဝန်ထမ်းများ လုပ်ငန်းခွင် အမြန်ဝင်ရောက်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ- မန္တလေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲတာဝန်ခံနှင့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အစားအသောက်/ဆေးဝါးဘေးကင်းလုံခြုံရေးကိစ္စများကို ပုံမှန် စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဝင်ရောက်နေသည့် ဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျ တာဝန်ခွဲဝေဆောင်ရွက်ရေးတို့ကို မှာကြားသည်။

### နည်းလမ်းရှာဆောင်ရွက်

ညနေ ၄ နာရီတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန- မန္တလေးတွင် အလှူရှင်များက ရန်ပုံငွေများစွာဖြင့် နိုင်ငံတကာအဆင့်မီ COVID-19 ရောဂါရှာဖွေရေး စက်ပစ္စည်းများကို အဆောက်အအုံသစ်တွင် တပ်ဆင်လှူဒါန်းထားသော်လည်း အလှူရှင်နှင့် ပြည်သူများကို မျက်ကွယ်ပြုကာ ဝန်ထမ်းများအနေဖြင့် တာဝန်မဲ့စွာ လုပ်ငန်းခွင်ကို စွန့်ခွာလျက်ရှိကြောင်း တွေ့ရှိရသဖြင့် ပြည်သူများအကျိုးငှာ အဆိုပါဓာတ်ခွဲခန်းတွင် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းကို အမြန်ပြန်လည် စတင်နိုင်ရေးနည်းလမ်းရှာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံ၊ တံတားဦးမြို့သို့ ရောက်ရှိပြီး ဆေးရုံအုပ်၊ သူနာပြုဆရာမများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား စစ်ဆေးသည်။ ဆက်လက်၍ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ကာကွယ်ဆေးများ သိုလှောင်ခန်း၊ အတွင်းလူနာခန်းများ၊ မွေးဖွားပြီးလူနာနှင့် မွေးကင်းစလူနာခန်းများ၊ COVID- 19 ကာကွယ်ဆေးထိုးနှံခြင်းများအား လိုက်လံကြည့်ရှု စစ်ဆေးသည်။ ဧပြီ ၂၉ ရက်တွင် အတွင်းလူနာ ၄၇ ဦး တက်ရောက်ကုသမှုခံယူလျက်ရှိပြီး ပြင်ပလူနာ ၄၁ ဦး ကုသပေးခဲ့ကြောင်း၊ လက်ထောက်ဆရာဝန်များ လုပ်ငန်းခွင်စွန့်ခွာသွားသော်လည်း မြို့နယ်ကုသရေးဦးစီးဌာနမှူး/ ဆေးရုံအုပ်၏ မှန်ကန်သော ခေါင်းဆောင်မှုဖြင့် အခြားဆေးရုံဝန်ထမ်းများက တက်ကြွစွာ ခွဲစိတ်ကုသမှု/ မွေးဖွားမှု/ ဆေးကုသမှု စသည့် ဆေးရုံလုပ်ငန်း ပုံမှန်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသဖြင့် ဆေးရုံဝန်ဆောင်မှုအား ယုံကြည်စိတ်ချအားကိုးစွာ လူနာများက ရယူလျက်ရှိကြောင်း၊ ဝန်ထမ်းများကလည်း လူနာများအကျိုးငှာ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆရာဝန်/သူနာပြု ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ COVID-19 ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကိုလည်း စနစ်တကျ အကောင်အထည်ဖော်လျက်ရှိရာ လက်ရှိအချိန်ထိ ၅၂၆၁ ဦး ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်မပျက် ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ သန်း ၁၅၀ ကျော်လွန်လာ

မာရီလန်ဒ် ဧပြီ ၃၀

**ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ယခုအခါ သန်း ၁၅၀ ကျော်လွန်လာပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ အတည်ပြုလူနာပေါင်း ၁၅၀၁၂၄၂၄၈ ဦးအထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဧပြီ ၃၀ ရက် ကမ္ဘာ့စံတော်ချိန် ၄:၀၀ နာရီအထိ စုဆောင်းထားသော သတင်းအချက်အလက်များက ဖော်ပြခဲ့သည်။**



ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုရှိ ကွင်းပြင်ဆေးရုံတစ်ရုံသို့ ကိုဗစ်– ၁၉ လူနာတစ်ဦးကို ပို့ဆောင်နေသည်ကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကာ ကိုဗစ်–၁၉ အတည်ပြုလူနာပေါင်း ၃၂၂၈၈၇၆၄ ဦးဖြစ်၍ ပထမနေရာတွင်ရှိသည်။ ထို့နောက် အိန္ဒိယနိုင်ငံသည် ကိုဗစ်–၁၉ ကူးစက်အတည်ပြုလူနာပေါင်း ၁၈၃၇၆၅၂၄ ဦးဖြင့် ဒုတိယနေရာတွင်ရှိကာ ဘရာဇီးနိုင်ငံသည် ကိုဗစ်– ၁၉ ကူးစက်အတည်ပြုလူနာပေါင်း ၁၄၅၉၀၆၇၈ ဦးဖြင့် တတိယနေရာမှ လိုက်လျက်ရှိသည်။ ပြင်သစ်တွင် ကိုဗစ်– ၁၉ ကူးစက်အတည်ပြု လူနာပေါင်း ၅၆၅၃၅၃၃ ဦးနှင့် တူရကီတွင် ၄၇၈၈၇၀၀ ဦးရှိသည်။

ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူပေါင်းမှာလည်း ၃၁၆၁၉၇၁ ဦး ရှိလာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိကြောင်းနှင့် ဧပြီ ၂၃ ရက်က ကိုဗစ်– ၁၉ အတည်ပြုလူနာ ၉၁၂၉၉၁ ဦးဖြင့် တစ်နေ့အတွင်း ကူးစက်မှုအမြင့်ဆုံး စံချိန်တင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်- ၁၉ နှင့်ပတ်သက်၍ အိန္ဒိယသို့ အကူအညီပေးရန် နိုင်ငံပေါင်း ၄၀ ကမ်းလှမ်းထား



နယူးဒေလီရှိဆေးရုံတစ်ရုံတွင် တက်ရောက်ကုသနေသည့် လူနာများကို တွေ့ရစဉ်။

နယူးဒေလီ ဧပြီ ၃၀

**အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုများ မြင့်မားနေသည့်အတွက် ရောဂါကူးစက်မှုကို ရင်ဆိုင်နိုင်ရန် နိုင်ငံပေါင်း ၄၀ ကျော်မှ အိန္ဒိယကိုအကူအညီများပေးရန် ကမ်းလှမ်းထားသည်ဟု သိရသည်။**

အိန္ဒိယနိုင်ငံတွင် ဧပြီ ၂၉ ရက် က ကိုဗစ်–၁၉ နောက်ထပ် ကူးစက်မှုပေါင်း ၃၇၀၀၀၀ ရှိပြီး သေဆုံးသူ ၃၆၀၀ ရှိသည်ဟု သိရသည်။ ဆေးဘက်ဆိုင်ရာသုံး အောက်ဆီဂျင်မှာလည်း မြို့တော်နယူးဒေလီနှင့် အခြားနေရာများတွင် ပြတ်လပ်မှုများ ရှိသည်ဟု သိရသည်။

ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှနိုင်ငံများမှ ဆေးဘက်ဆိုင်ရာအကူအညီများနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်ရန် ကမ်းလှမ်းထားသည်ဟု အိန္ဒိယပြည်ပရေးရာဌာနက ပြောသည်။ ဧပြီ ၃၀ ရက်တွင် အမေရိကန်မှပေးပို့သည့် အောက်ဆီဂျင် ထုတ်လုပ်သည့် ကိရိယာနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိမည်ဟု သိရသည်။ အသက်ရှူအထောက်အကူပြုကိရိယာများကိုလည်း ဗြိတိန်နှင့် ရုရှားနိုင်ငံတို့က ပေးပို့ပေးမည်ဟု သိရသည်။

ရမ်ဒီဆီဗာနှင့် အခြားသော ဆေးဝါးများ ပြတ်တောက်နေမှုအတွက်လည်း အပြည်ပြည်ဆိုင်ရာက နောက်ထပ်အကူအညီများကို တောင်းခံထားသည်။ အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးစနစ်ကို အထောက်အကူပြုနိုင်စေရေးအတွက် အကူအညီများပေးရန် ဂျပန်အစိုးရအရာရှိများက စီစဉ်ထားသည်ဟု သိရသည်။

အိန္ဒိယနိုင်ငံကို အသက်ရှူအထောက်အကူပြုကိရိယာများ၊ ဆေးဘက်သုံးအောက်ဆီဂျင်ထုတ်ကိရိယာများနှင့် အခြားသော အကူအညီများ ပေးသွားမည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆီနိုဖမ်းနှင့် ဆီနိုဗက်ကာကွယ်ဆေးများကို အကဲဖြတ်စစ်ဆေးမည်

**ဂျီနီဗာ ဧပြီ ၃၀**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုခွင့် ဖော်ပြရေးဆိုင်ရာ လုပ်ငန်းစဉ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဆီနိုဖမ်းနှင့် ဆီနိုဗက်တို့ကထုတ်လုပ်လိုက်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေးများကို အကဲဖြတ်စစ်ဆေးရန် ယခုသီတင်းပတ်နှင့် လာမည့်သီတင်းပတ်အကြား တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးနှင့် မကြာသေးမီကဖော်ပြလိုက်သော သတင်းရင်းမြစ်များအရ သိရသည်။

ယနေ့ မိမိတို့အကြံပေးအဖွဲ့ အစည်းအဝေးရှိကြောင်း၊ ဆီနိုဖမ်းကို အကဲဖြတ်ရန် လာမည့်ရက်များတွင် တွေ့ဆုံမည်ဖြစ်ကြောင်း ဆေးဝါးနှင့် ကျန်းမာရေးထုတ်ကုန်များ စိစစ်အကဲဖြတ်ရေးဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးချုပ် မာရီယန်ဂယ်လာ ဘာတီစတာ ဂယ်ဗိုဆီမိုက ပြောကြားလိုက်သည်။

မေလ ၅ ရက်တွင် ဆီနိုဗက်ကို အကဲဖြတ်စစ်ဆေးမည်ဖြစ်ကြောင်းနှင့် ဆီနိုဖမ်းအတွက် ယခုသီတင်းပတ်မတိုင်မီ ဆုံးဖြတ်ချက်ချနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတည်ပြုချက်ရရှိခဲ့ပါက တရုတ်ကိုဗစ်–၁၉ ကာကွယ်ဆေးများသည် အနောက်နိုင်ငံထုတ် မဟုတ်သော ပထမဆုံး ကိုဗစ်–၁၉ ကာကွယ်ဆေးဖြစ်လာမည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတည်ပြုချက်ရရှိခဲ့ပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သည့် ကိုဗက်ကာကွယ်ဆေးအစီအစဉ်အနေဖြင့် တရုတ်ကာကွယ်ဆေးကို ဝယ်ယူဖြန့်ချီခွင့်ရရှိမည် ဖြစ်သည်။ **ဆင်ဟွာ**




ဟန်ဂေရီနိုင်ငံတွင် တရုတ် ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပြသနေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

## ကမ္ဘောဒီးယားတွင် ကိုဗစ်–၁၉ ကြောင့် နှစ်ဦးထပ်မံသေဆုံး

**ဖနောင်ပင် ဧပြီ ၃၀**

ကမ္ဘောဒီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ အတည်ပြုလူနာ ၇၆၁ ဦးရှိကြောင်း ဖော်ပြခဲ့မှုနှင့်အတူ သေဆုံးသူ နှစ်ဦး ထပ်မံတိုးလာကြောင်း ဧပြီ ၃၀ ရက်က ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ကိုဗစ်– ၁၉ ဖြင့် နောက်ဆုံးသေဆုံးခဲ့သည့်လူနာများမှာ အသက် ၄၁ နှစ်ရှိ တရုတ်အမျိုးသားတစ်ဦးနှင့် အသက် ၅၅ နှစ်ရှိ ကမ္ဘောဒီးယားအမျိုးသမီးတစ်ဦးဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ဖြင့် သေဆုံးသူ နှစ်ဦး ထပ်မံတိုးလာမှုနှင့်အတူ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူပေါင်း ၉၃ ဦးရှိလာပြီဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကင်းစင်သွားသူ ၁၆၆ ဦး ထပ်မံတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကင်းစင်သွားသူ ၅၁၅၂ ဦးအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်–၁၉ အတည်ပြုလူနာ ၁၃၄၀၂ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖရိကတိုက်၏ ကိုဗစ်လူနာပေါင်း လေးသန်းခွဲကျော်ရှိလာ

**အဒစ္စအာဘာဘာ ဧပြီ ၃၀**

ဧပြီ ၃၀ ရက်က အာဖရိကတိုက်၏ ကိုဗစ်–၁၉ အတည်ပြုလူနာပေါင်းမှာ ၄၅၅၀၁၅၆ ဦး ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ဖော်ပြလိုက်သည်။ အာဖရိကအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၁၂၁၅၅၆ ဦး ရှိလာခဲ့ပြီး ကိုဗစ်–၁၉ ကင်းစင်သွားပြီး ဆေးရုံမှ ပြန်လည်ဆင်းလာသူပေါင်းမှာလည်း ၄၀၉၃၁၇၀ ရှိလာသည်။ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနှင့် အီဂျစ်နိုင်ငံများသည် ကိုဗစ်–၁၉ ကူးစက်မှုအဆိုးဆုံးနိုင်ငံများ ဖြစ်ကြသည်။ တောင်ပိုင်းအာဖရိကသည် ကိုဗစ်–၁၉ ကူးစက်မှုအများဆုံးဖြစ်ပြီး မြောက်ပိုင်းအာဖရိကနှင့် အရှေ့ပိုင်းအာဖရိကဒေသတို့သည် ဒုတိယကူးစက်မှုအများဆုံးဒေသများ ဖြစ်သည်။ အလယ်ပိုင်းအာဖရိကသည် ကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ




**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (FDC) ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရွေးချယ် တင်မြှောက်ပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်း (သထုံတင်ထွန်း) နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်နှင့် ကောင်စီဝင်များ၊ ရွေးချယ်ခံမည့် ကောင်စီဝင်လောင်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်း (သထုံတင်ထွန်း)က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာ ဒေါ်သီတာတင်က ဆန္ဒမဲပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကောင်စီဝင်လောင်းများကို ဆန္ဒမဲပေးပြီး ရွေးချယ်ကြရာ ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး)၊ ဦးနေလင်း (မောင်ချိုဝေ)နှင့် ဦးစိုးမင်းတို့ကို ကောင်စီဝင်များအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင် ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၌ လစ်လပ်နေရာ သုံးနေရာအတွက် ကျန်ရှိနေသည့် ကောင်စီဝင်လောင်း ခြောက်ဦးအနက် သုံးဦးကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပညာရေးဝန်ကြီးဌာန**

**"၂၀၂၁ -၂၀၂၂ ပညာသင်နှစ်"**

**မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်**

- ❖ မြို့နယ်အလိုက် သတ်မှတ် နယ်မြေများတွင်သာကျောင်းအပ်နှံကြပါရန်။
- ❖ **ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်း**များကိုကျောင်းအုပ်၊ ဆရာ၊ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၄-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပျံ့ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၅-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၈၁၇ ရှိ

### (၃၀–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၉–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၅၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၆,၃၀၇) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၁၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၆၆) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၃၀-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၀၄၄၈၇၂ | ၂၅၆၄၂၀၂၈ | ၅၈၉၂၂၁ |
| ၂။ | အိန္ဒိယ | ၁၈၈၈၁၅၈၇ | ၁၅၄၄၄၁၇၁ | ၂၀၈၉၅၂ |
| ၃။ | ဘရာဇီး | ၁၄၅၉၂၈၈၆ | ၁၃၁၅၂၁၁၈ | ၄၀၁၄၁၇ |
| ၄။ | ပြင်သစ် | ၅၅၉၂၃၉၀ | ၄၄၉၈၂၉၂ | ၁၀၄၂၂၄ |
| ၅။ | ရုရှား | ၄၈၀၅၂၈၈ | ၄၄၂၇၉၄၆ | ၁၁၀၁၂၈ |
| ၆။ | တူရကီ | ၄၇၈၈၇၀၀ | ၄၂၅၅၇၁၄ | ၃၉၇၃၇ |
| ၇။ | ဗြိတိန် | ၄၄၁၄၂၄၂ | ၄၂၀၀၃၄၃ | ၁၂၇၅၀၂ |
| ၈။ | အီတလီ | ၄၀၀၉၂၀၉ | ၃၄၄၉၉၅၅ | ၁၂၀၅၄၄ |
| ၉။ | စပိန် | ၃၅၁၄၉၄၂ | ၃၁၉၂၉၇၀ | ၇၈၀၈၀ |
| ၁၀။ | ဂျာမနီ | ၃၃၈၈၆၇၉ | ၂၉၉၅၂၀၀ | ၈၃၄၉၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀ - ၄ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၆၈၃၆၈ | ၁၅၂၂၆၃၄ | ၄၅၅၂၁ |
| ဖိလစ်ပိုင် | ၁၀၃၇၄၆၀ | ၉၄၆၃၁၈ | ၁၇၂၃၄ |
| မလေးရှား | ၄၀၈၇၁၃ | ၃၇၇၉၈၀ | ၁၅၀၆ |
| မြန်မာ | ၁၄၂၈၁၇ | ၁၃၁၉၆၆ | ၃၂၀၉ |
| ထိုင်း | ၆၅၁၅၃ | ၃၆၂၅၄ | ၂၀၃ |
| စင်ကာပူ | ၆၁၁၄၅ | ၆၀၇၁၈ | ၃၀ |
| ကမ္ဘောဒီးယား | ၁၃၄၀၂ | ၅၁၅၂ | ၉၃ |
| ဗီယက်နမ် | ၂၉၂၈ | ၂၅၁၆ | ၃၅ |
| လာအို | ၇၅၇ | ၅၁ | ၀ |
| ဘရူနိုင်း | ၂၂၄ | ၂၁၅ | ၃ |

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၄၄ | ဇေယျဝတီကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၂၉၅ | ၅၅၅ | ၅၅၅ | | |
| ၄၅ | ဇိန်ဇွန်းကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၇၃၂ | ၅၆၈ | ၅၆၈ | | |
| ၄၆ | တင်းတိမ်ရုံ ကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၂၂၆၇ | ၈၈၃ | ၈၃၃ | ၅၀ | |
| ၄၇ | တာတိုင်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၄၈ | ၅၀၂ | ၅၀၂ | | |
| ၄၈ | တောင်ကွင်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၅၅ | ၃၄၅ | ၃၄၅ | | |
| ၄၉ | ထန်းတောကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၆၀ | ၃၉၀ | ၃၉၀ | | |
| ၅၀ | ထန်းကြီးကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၄၆ | ၄၀၄ | ၄၀၄ | | |
| ၅၁ | နွှေကုန်းကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၈၉ | ၅၁၁ | ၅၁၁ | | |
| ၅၂ | မကြီးတောကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၆၀၃ | ၃၄၇ | ၃၄၇ | | |
| ၅၃ | မကြီးနီကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၉၁ | ၂၀၉ | ၂၀၉ | | |
| ၅၄ | မဲအိုးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၇၁ | ၁၇၉ | ၂၉ | ၁၅၀ | |
| ၅၅ | မြင်းပေါက်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၃၅ | ၄၁၅ | ၄၁၅ | | |
| ၅၆ | မိတ္ထီလာကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၃၉ | ၃၆၁ | ၃၆၁ | | |
| ၅၇ | မုတ်စီကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၁၃ | ၂၈၇ | ၂၇၇ | ၁၀ | |
| ၅၈ | မြို့ကြီးကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၃၁၁ | ၈၈၉ | ၈၈၉ | | |
| ၅၉ | ရွာမိဿာကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၅၆၄ | ၅၈၆ | ၅၈၆ | | |
| ၆၀ | ရှော်ဖြူကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၇၁ | ၃၂၉ | ၃၂၉ | | |
| ၆၁ | ရွာသစ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၈၀ | ၃၂၀ | ၃၂၀ | | |
| ၆၂ | လင်းဖြူကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၄၉ | ၅၅၁ | ၅၅၁ | | |
| ၆၃ | ဝင်ဝကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၁၂ | ၄၃၈ | ၄၃၈ | | |
| ၆၄ | အုပ်ဖိုကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၀၆ | ၄၄၄ | ၄၄၄ | | |
| ၆၅ | အောင်သာကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၇၃ | ၃၂၇ | ၃၂၇ | | |
| ၆၆ | တောင်ပြင်ငယ်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၁၉ | ၆၈၁ | ၅၈၃ | ၉၈ | |
| ၆၇ | အင်းကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၉၆ | ၃၅၄ | ၃၅၄ | | |
| | ရပ်/ကျေးမှသီးခြားအပ်နှံ | | | | | ၅၅၀ | | ၅၅၀ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၀ | ၁၁၇၅၅၀ | ၈၃၃၀၈ | ၃၄၂၄၂ | ၃၃၈၂၉ | ၉၉၇ | ၅၈၄ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၀၆ | ၃၆၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၉၀ | | ၆၉၀ | ၆၉၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၀ | ၁၁၈၅၄၆ | ၈၃၆၁၄ | ၃၄၉၃၂ | ၃၄၅၁၉ | ၉၉၇ | ၅၈၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မိုးပွင့် သစ္စာနှင့် မွေးရနံ့သင်းထုံသည့် ပန်းခင်း

**မောင်မုဒိတာ**

**"နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့်ဦးရေ ၄ ဒသမ ၆ သန်း ရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဦးစားပေးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဧပြီလ ၂၂ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၁) တွင် လမ်းညွှန်မိန့်ကြားခဲ့သည်။ ယင်းအစည်းအဝေး၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ တင်ပြချက်အပေါ် လမ်းညွှန်မှုပြုခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် ဆောင်ရွက်ပေးမည့် ပန်းခင်းစီမံချက်ကိုလည်း စိတ်ထဲမှာကျိတ်ပြီး ပီတိဖြစ်ရင်း ကြိုဆိုနေမိသည်။**



### ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီး

ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးရမည့် အရေအတွက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေ ၃ ဒသမ ၈ သန်းကျော် ရှိကြောင်းနှင့် စီမံချက်ကာလက လာမည့် ၂၀၂၁ ခုနှစ် မေလ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်အထိ၊ (၁၈)လကြာ တစ်နှစ်ခွဲ ဆောင်ရွက်မည်ဟု သိရသည်။ လဝကဝန်ထမ်းများနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက တက်တက်ကြွကြွဖြင့် စီမံချက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း အဓိကကာယကံရှင်ပြည်သူများ တစ်နည်းအားဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှန်တကယ်မရှိသေးသူများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးသည်။ ၎င်းတို့သည်လည်း မြို့ပေါ်နှင့် အလှမ်းဝေးသည့် ကျေးရွာပြည်သူများ၊ အလုပ်အကိုင်အခြေအနေအရ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေထိုင်ကြသူများ၊ ကျေးလက်ဒေသမှ မြို့ပေါ်သို့ လာရောက်အခြေချလုပ်ကိုင် နေထိုင်ကြသူများက အများစုဖြစ်ပေမည်။

### မရှိမဖြစ်လိုအပ်

ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် မူလဒေသတွင် အိမ်ထောင်စုလူဦးရေ စာရင်းသော်လည်းကောင်း၊ မှတ်ပုံတင်သော်လည်းကောင်း လုံးဝမရှိကြသူများရှိသကဲ့သို့ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး မှတ်ပုံတင် မပြုလုပ်ရသူများလည်းရှိသည်။ ထို့ပြင် မြို့နှင့်အလှမ်းဝေးသည့် ကျေးလက်ဒေသများတွင် အစဉ်အဆက်နေထိုင်ကြသူများသည်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြား လုံးဝ မပြုလုပ်ရသေးသူများလည်း ရှိနေသည်။ ဘိုးစဉ်ဘောင်ဆက် အခြေချနေထိုင်ခဲ့ကြသော်လည်း "ငါတို့ ဘယ်မှ သွားတာမှမဟုတ်ဘဲ၊ ပိုက်ဆံအကုန်ခံပြီး မလုပ်တော့ဘူး၊ ဒီအတိုင်းလည်းနေလို့ရနေတာပဲ" ဆိုသည့် စကားများ၊ အသိများကြောင့် မလုပ်ဖြစ်ကြ။ ဘိုးဘွားများမလုပ်တော့ မိဘများလည်း ထိုနည်းနှင်နှင်။ သို့သော် ယခုခေတ်တွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများအတွက် ကျေးလက်မှ မြို့ပြသို့ တက်ရောက်၍ အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ကိုင်သူများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ပညာရှာမှီးသူများ အများအပြားရှိနေပြီး ၎င်းတို့သွားလာလုပ်ကိုင် ဆောင်ရွက်သမျှ မရှိမဖြစ် လိုအပ်သည်က နိုင်ငံသားစိစစ်ရေးကတ်ပြားပင်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေး ကတ်ပြားလုပ်ဖို့ အိမ်ထောင်စုလူဦးရေ စာရင်းလိုသည်။ ပြီးလျှင် မိဘကိုင်ဆောင်သည့် ကတ်ပြားအမှတ်များ၊ ဘိုးဘွားတို့၏ မျိုးရိုးစဉ်ဆက်စသည်တို့ ဖြည့်သွင်းရမည်။ ကလေးများအတွက် မှတ်ပုံတင် လုပ်ရန်မှာ ၎င်းတို့၏ မိဘများတွင် မှတ်ပုံတင်ရှိရန်လိုသည်။ မိဘများ ကိုယ်တိုင်မှတ်ပုံတင် မပြုလုပ်ခဲ့သော် ကလေးများအတွက် အဆင်မပြေဖြစ်တော့မည်။ မိဘ၊ ဘိုးဘွားများမရှိတော့ဘဲ ကွယ်လွန်သွားသူများအတွက်လည်း အခက်အခဲ ရှိနိုင်သည်။ သို့သော် နိုင်ငံတော်အစိုးရသည် ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်း၊ ဘိုးဘွားမိဘစဉ်ဆက် နေထိုင်ခဲ့မှုကို ရှေ့မီနောက်မီ ပြောကြားပေးနိုင်သည့် လူကြီးသူမများ၏ ထောက်ခံမှုများ၊ ဒေသအာဏာပိုင်များ၏ ထောက်ခံမှုများဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရေးအတွက် မျှော်တွေးဆောင်ရွက်ပေးထားသည်။ (၅) ဦး ကော်မတီဟု ခေါ်သည့် လဝကမြို့နယ်ဦးစီးမှူးနှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးစသည်တို့၏ စိစစ်ထောက်ခံချက်ဖြင့် ဆောင်ရွက်ခွင့်ပြုပေးထားသည်။ ယင်း (၅) ဦး ကော်မတီက စိစစ်ထောက်ခံမှုဖြင့် အိမ်ထောင်စု လူဦးရေစာရင်း မရှိသေးပါက စိစစ်ဆောင်ရွက်ပေးပြီး ကာယကံရှင်၏ အချက်အလက်များရယူကာ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

### အခြေခံဆောင်ရွက်ပေးခြင်းဖြစ်

နိုင်ငံသားတိုင်း ဒီနိုင်ငံသား ဖြစ်ကြောင်း သက်သေခံအထောက်အထားဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိနေဖို့လိုအပ်ပါသည်။ သို့မှသာ နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အတွက်၊ ယာဉ်မောင်း လိုင်စင်အတွက်၊ ဘယ်လုပ်ငန်းဝန်ဆောင်မှုအတွက် အစစအရာရာအားလုံးအတွက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (အရပ်အခေါ် - မှတ်ပုံတင်) လိုအပ်သည်။ ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုလမ်းခရီးတွင် တာဝန်ရှိသူများက စစ်ဆေးသည့်အခါတွင်လည်းလိုသည်။ ယခုခေတ်တွင် သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကိုယ်တိုင်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားလျှင်သော်လည်းကောင်း၊ မိမိကြိုက်နှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒမဲပေးရာတွင်လည်းကောင်း မှတ်ပုံတင်လိုသည်။ ထို့ပြင် ပြည်ပနိုင်ငံအသီးသီးသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုသော် ဆောင်ရွက်ရသည့် နိုင်ငံသားလက်မှတ်သည်ပင်လျှင် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် မှတ်ပုံတင်ကို အခြေခံဆောင်ရွက်ပေးခြင်းဖြစ်သည်။ လူတစ်ယောက်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုပင်ဖြစ်သည်။

### သက်သေခံအထောက်အထား

နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အခြေခံသည့် အိမ်ထောင်စုလူဦးရေ စာရင်းဖြစ်သည်။ မိသားစုတစ်စုတွင် လူတစ်ဦးမွေးပြီဆိုသည်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် မွေးတိုးထည့်သွင်းဆောင်ရွက်ရသည်။ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ပါကလည်း သက်ဆိုင်ရာလဝကရုံးမှ ပြောင်းဝင်/ပြောင်းထွက် ပုံစံ (၁၀) ရယူ၍ နေထိုင်သည့် အိမ်ထောင်စုတွင် ပြောင်းဝင်အဖြစ် ထပ်တိုးထည့်ရသည်။ အသက် (၁၀) နှစ်ပြည့်လျှင် သက်ဆိုင်ရာလဝကရုံးတွင် အသက် (၁၀) နှစ်ပြည့် မှတ်ပုံတင် လျှောက်ထားရယူရမည်။ (၁၈) နှစ်ပြည့်လျှင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လဲလှယ်ရမည်။ သို့မှသာ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေးအပြည့်အဝခံစားခွင့်အတွက် သက်သေခံအထောက်အထား ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်မှုသည် ဘိုးဘွားစဉ်ဆက် သွေးချင်းဆက်စပ်မှုအပေါ် မူတည်သတ်မှတ်ခြင်းဖြစ်သည်။ သွေးသားတော်စပ်မှု၊ သွေးချင်းဆက်စပ်မှုအပေါ် အခြေခံသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအချို့သည်လည်း ယင်းကဲ့သို့ သွေးချင်းဆက်စပ်မှုအပေါ် အခြေခံ၍ နိုင်ငံသားသတ်မှတ်ကြသည်။ တချို့နိုင်ငံများကမူ ထိုသို့မဟုတ်။ ယင်းတို့၏ နိုင်ငံပိုင်နက်၊ မြေပေါ်တွင် နေထိုင်မှုအပေါ်မူတည်၍ နိုင်ငံသားအဆင့်အတန်းသတ်မှတ်ကြသည်။ ဒီနိုင်ငံတွင် ဘယ်ရွေ့ ဘယ်မျှ ကာလဘယ်လောက်ကြာ အခြေချနေထိုင်ပါက ၎င်းတို့၏ နိုင်ငံသားအဖြစ်သတ်မှတ်ခြင်းဖြစ်သည်။ အခြေချနေထိုင်သည့် ကာလအပိုင်းအခြားရှည်ကြာမှုအရ နိုင်ငံသားအဆင့် သတ်မှတ်ချက်ခွင့်ပြုပေးထားသည်။ နိုင်ငံသားဖြစ်မှု သတ်မှတ်ချက်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူကွဲပြားသကဲ့သို့ တချို့နိုင်ငံများတွင် လူတစ်ဦးအား နှစ်နိုင်ငံသား၊ သုံးနိုင်ငံသား ခံယူခွင့်ရှိသည်ကိုလည်း တွေ့ရသည်။ လက်ရှိ နိုင်ငံသားခံယူထားသူ တစ်ဦးသည် အခြားနိုင်ငံတစ်ခု၏ နိုင်ငံသားအဖြစ်လည်း ခံယူခွင့်ပြုထားခြင်းမျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် လူတစ်ဦးသည် နှစ်နိုင်ငံသား ခံယူခွင့်မပြု၊ မြန်မာနိုင်ငံသားဖြစ်သူသည် နိုင်ငံအတွင်းမှ အပြီးအပိုင်ထွက်ခွာလျှင်ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူလျှင် (သို့မဟုတ်) မှတ်ပုံတင်လျှင်ဖြစ်စေ၊ အခြားနိုင်ငံကူးလက်မှတ် (သို့မဟုတ်) အလားတူ လက်မှတ်ကို ထုတ်ယူလျှင်ဖြစ်စေ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းခံရမည်ဖြစ်သည်။ ယင်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုက်သည်နှင့် မြန်မာနိုင်ငံသားအဖြစ်မှ အလိုလိုဆုံးရှုံးသွားပြီဖြစ်သည်။

### အတိအလင်း ပြဋ္ဌာန်းထား

မြန်မာနိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှုအရည်အချင်းအရ ၎င်းတို့ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြား တစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းသည် လဝကဌာန၏ ခေတ်အဆက်ဆက်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ယင်းလုပ်ငန်းသည် ဌာန၏အဓိကလုပ်ငန်း တာဝန်ကြီး (၃) ရပ်တွင် ပါရှိသည့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ နိုင်ငံသားဖြစ်တည်မှုဆိုရာ၌ မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ်နန်း၊ ကိုယ့်ကြငှာန်းဖြင့် နေထိုင်လာကြရာမှ ကိုလိုနီနယ်ချဲ့များ၏ ကျူးကျော်မှုကြောင့် သူ့ကျွန်ဘဝရောက်ခဲ့ပြီး နိုင်ငံတွင်းသို့ ပြည်ပနိုင်ငံသားများ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိအခြေချ နေထိုင်ခဲ့သည့်အတွက် ၎င်းတို့နှင့် သွေးချင်းဆက်စပ်ခဲ့ရာမှ မွေးရာပါ တိုင်းရင်းသား နိုင်ငံသားများအပြင် ဥပဒေအရဖြစ်သော နိုင်ငံသားများလည်း ဖြစ်တည်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ်နှင့် ၎င်းတို့၏ သွေးချင်းဆက်စပ်ဖြစ်တည်မှုအရ မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားများအဖြစ် ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။

ပြည်သူများအတွက် အဓိကအရေးပါသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသော်လည်း ယင်းလုပ်ငန်းသည် ရာနှုန်းပြည့် ပြီးစီးသည့်လုပ်ငန်းတော့မဟုတ်ပေ။ ရွှေ့ပြောင်း နေထိုင်မှုများရှိခြင်းကြောင့် ပြောင်းဝင်/ပြောင်းထွက်များ ရှိနေမည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မွေးဖွားမှုတိုင်းကြောင့် လူဦးရေစာရင်း ထပ်တိုးဖြည့်ဆည်းနေမှုများ ရှိနေမည်။ အသက် (၁၀) ပြည့်သောသူ၊ အသက် (၁၈) နှစ် ပြည့်လာသူ နေ့စဉ်နှင့်အမျှ အချိန်တိုင်းရှိနေမည်။ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ပျောက်ဆုံး/ပျက်စီးမှုများ ရှိနေမည်။ ယင်းလုပ်ငန်းသည် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်နေမည်သာ။ တစ်ခေတ်တစ်ခါက ရံဖန်ရံခါ ကွင်းဆင်းဆောင်ရွက်ပေးမှုသာရှိပြီး ရုံးထိုင်လုပ်ဆောင်ပေးနေရာမှ ယခုအခါ ပြည်သူ့အကျိုးကို ရှေးရှုကာ ပြည်သူ့အတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ပေးခဲ့ကြသည်။

**(၇၄) သိန်း (၈) သောင်းကျော် ဆောင်ရွက်**

ပြည်သူအတွက် ထင်သာမြင်သာဖြစ်ခဲ့သည့် မိုးပွင့်စီမံချက်၊ သစ္စာ စီမံချက်များဖြင့် နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ နိုင်ငံသားများအတွက် မိုးပွင့်စီမံချက်တွင် မိုးပွင့် အဆင့် (၁) မှ အဆင့် (၇) ထိကာလ သတ်မှတ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မိုးပွင့် (အထူး) စီမံချက်ဖြင့် သတ်မှတ်နယ်မြေရွေးချယ်ကာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆောင်ရွက်ပေးမှုများလည်း ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ မိုးပွင့်စီမံချက်ကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်း (၁၂) သိန်း (၉) သောင်းကျော်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား (၇၄) သိန်း (၈) သောင်းကျော် ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းတိုင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အထောက်အထား စာရွက်စာတမ်းများအပေါ် အခြေခံသည့်အတွက် စီမံချက်ကာလ တစ်ခုနှင့်တစ်ခုအကြား ဝန်ထမ်းများက ရုံးတွင်းမှတ်တမ်းရေးသွင်းပြုစုရသည်ကလည်း ရှိသေးသည်။ မှတ်တမ်းမကျန်ခဲ့ဘဲ ဆောင်ရွက်ပေး၍ မရပေ။ လူတစ်ဦးချင်းစီ၏ မှတ်တမ်းများဖြစ်၍ စနစ်တကျရေးသွင်းမှတ်တမ်းတင် ထိန်းသိမ်းရပေမည်။ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ရပ်ကွက်/ကျေးရွာများအပြင် အခြေခံပညာကျောင်းများ၊ စက်ရုံအလုပ်ရုံ များပြားသည့် စက်မှုဇုန်များပါ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ သစ္စာစီမံချက်ကာလအတွင်း အခြေခံပညာကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား (၁၃) သိန်း (၆)သောင်းကျော်၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များ၌ နိုင်ငံသားစိစစ်ရေး ကတ်ပြား (၉၂၀၅) ကတ်အပါအဝင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သစ္စာစီမံချက်တစ်ခုလုံးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (၆၄) သိန်း (၃) သောင်းကျော် ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့သည်။

**စာရင်းများက သက်သေဖြစ်**

ထို့ပြင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးမှု (၂၆)သိန်းကျော်နှင့် (၁၈) နှစ်ပြည့် လဲလှယ်ဆောင်ရွက်မှု (၁၇)သိန်းကျော်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း (၁၀၈) သိန်းကျော် ထုတ်ပေးနိုင်ခဲ့ပြီး သာမန်ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေ စာရင်း (၆၆၀၈၄) စောင်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ စီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေ စာရင်းမရှိသေးသူ၊ မှတ်ပုံတင်ကတ်ပြားမရှိသေးသူများကတော့ နေရာဒေသအနှံ့တွင် ကျန်ရှိနေသေးသည်။ လက်တွေ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် (၁၈) နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖြည့်သွင်းမထားသူများ၏ စာရင်းများက သက်သေဖြစ်နေသည်။

**ပြည်သူ့အတွက် ပန်းခင်းစီမံချက်**

စာရင်းကောက်ယူ၍ မဲစာရင်းပြုစုစဉ် မှတ်ပုံတင်အမှတ်မသိ၍ မဖြည့်သွင်းခြင်းလား၊ အမှန်တကယ် မပြုလုပ်ရသေး၍ မရှိသဖြင့် ကွက်လပ်ဖြစ်နေခြင်းလား မပြောတတ်။ သေချာသည်ကတော့ မည်သည့်အထောက်အထား ကတ်ပြား တစ်စုံတစ်ရာမပါရှိဘဲ ဆန္ဒမဲပေးခဲ့သူအများအပြားရှိနေကြောင်း စစ်ဆေးထုတ်ပြန်ချက်များအရ သိရှိကြားသိနေရသည်။ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌကလည်း လမ်းညွှန်မိန့်ကြားထားပြီးဖြစ်သည်။ ထို့အတွက် လဝကဌာနကလည်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြည်သူတို့အနေဖြင့် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာပြီး မွှေးရနံ့ပေါင်းစုံ သင်းထုံနေသည့် ပန်းခင်းကို ညင်သာချောမွေ့စွာဖြတ်သန်းရင်း နိုင်ငံသားအခွင့်အရေး ခံစားရရှိစေနိုင်ရေးအတွက် ပဓာနကျသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမည့် ပန်းခင်းစီမံချက်ဖြစ်သည်။ ပြည်သူ့အတွက် ပန်းခင်းစီမံချက်ပင်ဖြစ်သည်။

**အသိပေးထားရန် လိုအပ်**

ပန်းခင်းစီမံချက်ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးမှာ လဝကဝန်ထမ်းများနှင့် ဆက်စပ်ဌာနများတွင်သာ တာဝန်ရှိသည်မဟုတ်ပေ။ အိမ်ထောင်စုစာရင်းမရှိသေးသူ၊ မိမိ အိမ်ထောင်စုတွင် ကလေးမွေးတိုး မလုပ်ရသေးသူ၊ တစ်မြို့တစ်ရွာ ပြောင်းရွှေ့နေထိုင်သူများက ပြောင်းဝင်/ပြောင်းထွက် မလုပ်ရသေးသူ၊ မည်သည့်ကတ်ပြား မည်သည့်မှတ်ပုံတင်မျှ ကိုင်ဆောင်ထားခြင်း မရှိသေးသူတို့အနေဖြင့် မိမိတို့၏ လိုအပ်ချက်ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများသို့ အသိပေးအကြောင်းကြား စာရင်းရေးသွင်းထားကြရန်လည်း လိုအပ်ပေသည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု တာဝန်ရှိသူများ၊ လဝကဝန်ထမ်းများက ကွင်းဆင်းစာရင်းကောက်ယူသည့်အချိန်တွင်လည်း သေသေချာချာ ပြောကြားရန်၊ တိကျမှန်ကန်သော အချက်အလက် အထောက်အထားများ ပြုစုပေးပို့ရန်လည်း လိုအပ်ပေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးရမည့် ပမာဏမှာ များပြားခြင်းကြောင့် ကာယကံရှင်တို့ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါမှဖြစ်မည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်း မှတ်ပုံတင်မပြုလုပ်ရသေးသူများအတွက် ကြိုတင်ပေးပို့ထားမည့် ရွှေ့ပြောင်းလျှောက်လွှာများ အဆင်ပြေစွာ ဖြည့်သွင်းနိုင်ရေးအတွက်လည်း ရပ်ကွက်/ကျေးရွာမှ ပညာတတ်လူငယ်များ၏ အကူအညီ ရယူနိုင်ရေးအတွက်လည်း ကြိုတင်မျှော်တွေးစီစဉ်ထားသင့်ကြောင်းလည်း အကြံပြုလိုပါသည်။ ကာယကံရှင်များအနေဖြင့် ကြိုတင်ပြုစုဆောင်ရွက်ထားရမည့် အောက်ဖော်ပြပါ အချက်အလက်များကိုလည်း ၎င်းတို့သိရှိ နိုင်ရေးအတွက် ထင်သာမြင်သာ ရေးသားအသိပေးထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။

(၁) အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူ

(၂) မိဘ (၂)ပါး၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ

(၃) အသက်အထောက်အထားအတွက် မွေးစာရင်းမူရင်း (သို့) ကျောင်းထောက်ခံချက် (သို့) ကျောင်းသားကတ်

(၄) ရပ်ကွက်/ကျေးရွာအတွင်း နေထိုင်ကြောင်း ထောက်ခံချက်

(၅) ကာယကံရှင်၏ (၀.၈" x ၀.၈") အရွယ် အဖြူအမည်းဓာတ်ပုံ (၄)ပုံ

(၆) ကာယကံရှင်၏ သွေးအမျိုးအစား စစ်ဆေးချက်

(၇) ဘိုးဘွား (၄) ဦး၏ အမည်၊ မွေးသက္ကရာဇ်၊ ကိုင်ဆောင်လက်မှတ်နံပါတ်၊ အသက်ရှင်ဆဲဖြစ်လျှင် ၎င်းတို့၏ နေရပ်လိပ်စာ၊ သေဆုံးပြီးဖြစ်ပါက သေဆုံးသည့်ရက်စွဲနှင့် သေဆုံးသည့်ဒေသ

(၈) ကာယကံရှင်၏ ညီအစ်ကို/မောင်နှမ (အရင်း)တို့၏ အမည်၊ မွေးသက္ကရာဇ်၊ ကိုင်ဆောင်လက်မှတ်နံပါတ်၊ ၎င်းတို့၏ နေရပ်လိပ်စာ

**ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်**

အထက်ပါအချက်အလက်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် ကာယကံရှင်မှ ယူဆောင်လာရမည့် အချက်အလက် အထောက်အထားများဖြစ်ပါသည်။ မူလဒေသတွင် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကတ်ပြားတစ်မျိုးမျိုးမရှိဘဲ ပြောင်းရွှေ့လာပြီး ယခုရောက်ရှိရာဒေသတွင်လည်း မရှိသေးသူ တိုင်းရင်းသားများအတွက် လဝကဝန်ထမ်းများနှင့် ဒေသမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်ရုံးများသို့လည်း လာရောက်ဆောင်ရွက်နိုင်ကြောင်းလည်း သိရသည်။ တိုင်းရင်းသားမဟုတ်သူ ဥပဒေအရဖြစ်သော နိုင်ငံသားများအတွက်မူ ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှု အထောက်အထား စာရွက်စာတမ်းများကို တိုက်ဆိုင်စစ်ဆေး၍ ဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာမြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပန်းခင်းစီမံချက် ဆောင်ရွက်ရာတွင် ကာယကံရှင်၏ (၀.၈") ပတ်လည် အဖြူအမည်း ဓာတ်ပုံ (၄) ပုံ လိုအပ်မည်ဖြစ်၍ ကာယကံရှင်မှ ယူဆောင်လာလျှင် အဆင်ပြေမည်ဖြစ်သော်လည်း မယူဆောင်လာနိုင်ပါက ဓာတ်ပုံအတွက် ကုန်ကျစရိတ်ရှိနိုင်သည်။ ယင်းဓာတ်ပုံရိုက်ကူးခြင်းနှင့် သွေးအုပ်စုစစ်ဆေးခြင်းအား သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုလွယ်ကူလျင်မြန်နိုင်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးနိုင်ပါက ပြည်သူများအတွက် ကောင်းလေစွ။

**နိုင်ငံတော်အတွက်အရေးပါ**

လဝကဝန်ထမ်းများသည် ဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများ ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများသည်လည်း နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါသည့် လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်တွင်းရှိ နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းဖြစ်သည့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းသည်လည်း အမျိုးသားရေးနှင့်သက်ဆိုင်ပြီး အစဉ်အဆက်ဆောင်ရွက်ရသည့် ကြီးမားကျယ်ပြန့်သည့် လုပ်ငန်း တစ်ခုပင်။ ပြည်သူ့အင်အားစာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းသည်လည်း နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်အရေးပါလှသည်။

ယင်းလုပ်ငန်းများအနက် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကို ဖော်ဆောင်မည့် မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြည်သူတို့အတွက် မွှေးရနံ့များ သင်းထုံနေသည့် ပန်းခင်းအတွင်း နိုင်ငံသားဆိုသည့် သက်သေခံအထောက်အထားကို လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စေတနာအရင်းခံ၊ လဝကဌာနဝန်ထမ်းများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ မေတ္တာတရားတို့ဖြင့် ပေါင်းစပ်ပုံဖော်မှုကြောင့် ပန်းခင်းသည် အသွေးအရောင် စုံလင်စွာ ဖူးပွင့်ဝေဆာမည့် ပြည်ထောင်စုပန်းခင်းအဖြစ် တင်စားကာ မုဒိတာပွား၍ ရေးသားတင်ပြလိုက်ပါသည်။ ။

> **“ပန်းခင်းစီမံချက်ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးမှာ လဝကဝန်ထမ်းများနှင့် ဆက်စပ်ဌာနများတွင်သာ တာဝန်ရှိသည်မဟုတ်ပေ။ အိမ်ထောင်စုစာရင်းမရှိသေးသူ၊ မိမိအိမ်ထောင်စုတွင် ကလေးမွေးတိုး မလုပ်ရသေးသူ၊ တစ်မြို့တစ်ရွာ ပြောင်းရွှေ့နေထိုင်သူများက ပြောင်းဝင်/ပြောင်းထွက် မလုပ်ရသေးသူ၊ မည်သည့်ကတ်ပြား မည်သည့်မှတ်ပုံတင်မျှ ကိုင်ဆောင်ထားခြင်း မရှိသေးသူတို့အနေဖြင့် မိမိတို့၏ လိုအပ်ချက်ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများသို့ အသိပေးအကြောင်းကြား စာရင်းရေးသွင်းထားကြရန်လည်း လိုအပ်”**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၃၀

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးဝန်ထမ်းများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ တက်ရောက်ကြသည်။

### လမ်းပြမြေပုံ (၅)ရပ် ချမှတ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ကာလဆိုင်ရာ အုပ်ချုပ်ရေးကို အချိန်ကာလ (၃)လခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်ရန်အတွက် လမ်းပြမြေပုံ (၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများတွင် အထူးတလည် မှာကြားသည်မှာလည်း လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်၊ လက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းစဉ်များကိုလည်း အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန်၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲပြုလုပ်၍ ဖြစ်ပေါ်လာမည့် အစိုးရသစ်အတွက်အဆင်ပြေချောမွေ့အောင် စေတနာထားပြီးဆောင်ရွက်ရန် လိုပါကြောင်း၊ ဆက်လက်၍ မိမိတို့ဝန်ကြီးဌာန၏ ကချင်၊ မကွေး၊ မြစ်ကြီးနား၊ ရှမ်းပြည်နယ်ရုံး ရုံးအဆောက်အအုံသစ်များကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

### စည်းလုံးညီညွတ်ရန်လို

မိမိတို့ဝန်ကြီးဌာန အမည်နာမကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟု သတ်မှတ်ထားသည့်အတွက် အခြားဝန်ကြီးဌာနများနှင့် လုပ်ငန်းသဘာဝ ပိုမိုထူးခြားပြီး မိမိတို့ တိုင်းရင်းသားများအတွက် ပိုမိုဆောင်ရွက်ရသော ဌာနဖြစ်ပါကြောင်း၊ ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရန် လိုပါကြောင်း၊ ဤဒေသကို ပိုမိုစည်းလုံးပြီး ဖွံ့ဖြိုးတိုးတက်အောင် မိမိဆန္ဒရှိပါကြောင်း၊ တိုင်းရင်းသားများ၏ အဓိကဆန္ဒဖြစ်သော မျှမျှတတနှင့် တန်းတူညီမျှမှု ရရှိရေးအတွက် မိမိတို့ဆောင်ရွက်နေပါကြောင်း၊ စုပေါင်းညီညာမှုမှသည် ငြိမ်းချမ်းရေးဆီသို့ ငြိမ်းချမ်းရေးဆီမှသည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဆိုသည့်အတိုင်း စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမျိုးဘာသာ၊ စာပေ၊ စကား ပျောက်ပျက်ပါက လူမျိုးပါ ပျောက်မည်ဖြစ်၍ မိမိတို့၏စာပေစကား ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

### ထိန်းသိမ်းနိုင်ရေး

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထိုကဲ့သို့ လူမျိုးမပျောက်အောင် တိုင်းရင်းသားများ၏ စကား၊ စာပေယဉ်ကျေးမှုနှင့် အခွင့်အရေးတို့ကို ထိန်းသိမ်းကာကွယ်ပေးမည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ စကား၊ စာပေယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ခန့်အပ်လျက်ရှိသော တိုင်းရင်းသားဘာသာသင် TA/LT များ၏ လုပ်အားခနှင့် ထောက်ပံ့ငွေများ တိုးမြှင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပါတီစွဲ ပုဂ္ဂိုလ်စွဲမထားဘဲ မိမိတို့လူမျိုးအကျိုးစီးပွားကိုဦးတည်ချက်ထား ဆောင်ရွက်သွားရန်လိုပါကြောင်း၊ မိမိတို့ဒေသလိုအပ်ချက်များကို ကျိုးကြောင်းခိုင်လုံစွာဖြင့် မိမိတို့ ညွှန်ကြားရေးမှူးရုံးမှ တစ်ဆင့် တင်ပြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ရခိုင်၊ ခမီ၊ မြို၊ သက်၊ ဒိုင်းနက်(သက္ကမ)၊ မရမာကြီး၊ အရှို(ချင်း)၊ စုမ်းတူ(ချင်း)၊ လေးတူ(ချင်း)၊ ဥ(ပ်) ပူးချင်းနှင့် လောက်တူချင်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

### ထောက်ပံ့ငွေပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး ဝန်ထမ်းများနှင့် တွေ့ဆုံကာ စံပြရုံးအဖြစ် ဂုဏ်ပြုပြီး ဝန်ထမ်းများကို ထောက်ပံ့ငွေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပုဂံ–ညောင်ဦးလေဆိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပုဂံ–ညောင်ဦးလေဆိပ် ဧည့်ခန်းမဆောင်တွင် ဝန်ကြီးဌာနလက်အောက်ရှိ ဌာန၊ အဖွဲ့အစည်း (၈)ခုမှ တာဝန်ခံ အရာထမ်း၊ အမှုထမ်းများ၊ ပုဂံ–ညောင်ဦးလေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ခံများမှ ဌာန၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးကျော်စိုးက ပုဂံ–ညောင်ဦးလေဆိပ်၊ VIP ခန်းမဆောင်တွင် ပုဂံ–ညောင်ဦး လေဆိပ်သို့ ပြည်တွင်း/ပြည်ပ ခရီးသည်များ ဝင်/ထွက်သွားလာမှု အဆင်ပြေစေရေးအတွက် လေဆိပ်အဆင့်မြှင့်တင်ထားရှိမှုနှင့် ယခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လက်ရှိလေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရန်နေရာတို့ကို နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေးပြည့်မီကောင်းမွန်စေရန် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ ထားရှိရေး၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Night Landing Facilities များ သတ်မှတ်ချက်နှင့်အညီ ထားရှိနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပုဂံ–ညောင်ဦး လေဆိပ်တွင် လေယာဉ်ဆီ တင်သွင်း/သိုလှောင် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့်ပတ်သက်၍ Fuel Farm တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို Golden Myanmar Airlines Public Co.Ltd၊ အမှုဆောင်အရာရှိ ဦးကျော်ငြိမ်းက ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒုတိယဝန်ကြီးက နိုင်လွန်ကတ္တရာ ဖျော်စက် တပ်ဆင်နေမှုနှင့်၊ တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှုများ။ လုပ်ငန်းသုံးစက်ယာဉ်/ယန္တရားများ ရောက်ရှိမှုအခြေအနေများနှင့် Golden Myanmar Airlines Public Co.Ltd ၏ Fuel Farm တည်ဆောက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဖြည့်စွက်မှာကြားသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀ | ကျပ် | ၉၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၈၅ | ကျပ် | ၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀ | ကျပ် | ၁၀၀၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၀ | ၄၅၀၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၄၅၅ | ၁၅၀၉၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၆၆ | ၅၂၈၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀ | ၂၆၆၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၅ | ၁၅၂၅၀ |

ညီညီ - စုစည်းသည်

မေ ၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အကြိုဆောင်းပါး

# သတင်းလွတ်လပ်ခွင့်နှင့် တိုင်းပြည်ဖျက်မိစ္ဆာ

## ကိုတင်နွယ်

သတင်းဟာ လူတိုင်းအတွက် အရေးကြီးပါတယ်။ သတင်းကို အသုံးချရေး၊ သတင်းနဲ့ ကိုယ်ကျိုးစီးပွားရှာ လိုသလို ခြယ်လှယ်တာမျိုးတွေ ရှိစမြဲပါ။ သတင်းကိုအခြေပြုလို့ အမြတ်ထုတ်တာ၊ စွက်ဖက်တာ၊ လွှမ်းမိုးတာ၊ ချုပ်ကိုင်တာ၊ ခြေရှုပ်တာ၊ ကလိမ်ကျတာတွေ များစွာခံခဲ့ရတဲ့ မြန်မာပြည်လို့ ပြောရမလိုဖြစ်နေပါပြီ။

သတင်းဆိုတာ "ကြားသိအပ်သော အဖြစ်အပျက် အကြောင်းအရာ"လို့ အဓိပ္ပာယ်ဖွင့်ကြပါတယ်။ ယခု မျက်မှောက်ကာလကို မကြားအပ်၊ မသိအပ်တဲ့ သတင်းမျိုးတွေ၊ အကျိုးယုတ် ပျက်စီးရာ ပျက်စီးကြောင်း အတင်းအဖျင်းတွေကို သတင်းလို့ မှတ်ယူယုံကြည် ကိုးစားနေကြသလိုဖြစ်နေတဲ့ ကာလလို့ ဆိုရမလိုပါ။ သတင်းမှားတွေ တွင်ကျယ်စွာ အသုံးချခံရရင်း မြန်မာ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး သူ့ကျွန်ဘဝ နှစ်ရာချီခံခဲ့ရတဲ့ သမိုင်းသက်သေ အခိုင်အမာရှိပြီးသားပါ။ မြန်မာ့နိုင်ငံနဲ့ သတင်းစီးဆင်းမှု သို့မဟုတ် သတင်းစာသမိုင်းကို သိဖို့လိုအပ်ပါတယ်။

> ❑ သတင်းဆိုတာ "ကြားသိအပ်သော အဖြစ်အပျက် အကြောင်းအရာ"လို့ အဓိပ္ပာယ်ဖွင့်ကြပါတယ်။ ယခု မျက်မှောက်ကာလကို မကြားအပ်၊ မသိအပ်တဲ့ သတင်းမျိုးတွေ၊ အကျိုးယုတ် ပျက်စီးရာ ပျက်စီးကြောင်း အတင်းအဖျင်းတွေကို သတင်းလို့ မှတ်ယူယုံကြည် ကိုးစားနေကြသလိုဖြစ်နေတဲ့ ကာလလို့ ဆိုရမလိုပါ။ သတင်းမှားတွေ တွင်ကျယ်စွာ အသုံးချခံရရင်း မြန်မာ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး သူ့ကျွန်ဘဝ နှစ်ရာချီခံခဲ့ရတဲ့ သမိုင်းသက်သေ အခိုင်အမာရှိပြီးသားပါ

### မြန်မာ့သတင်းစာသမိုင်း

၁၆၀၉ ခုနှစ်က ဂျာမနီမှာ သတင်းစာ စထုတ်ပါတယ်။ ၁၆၁၆ ခုနှစ်မှာ ဘယ်လ်ဂျီယံ၊ ၁၆၂၂ ခုနှစ်မှာ အင်္ဂလန်နဲ့ ပြင်သစ်၊ အမေရိကန် စတဲ့ အနောက်နိုင်ငံတွေမှာ အချိန်မှန် ရက်မှန်ထုတ် သတင်းစာတွေ ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာတော့ ၁၈၃၆ ခုနှစ်မှာ အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ မော်လမြိုင်ခရော်နီကယ် သတင်းစာနဲ့ အစပြုပါတယ်။ မြန်မာဘာသာ သတင်းစာတွေက ၁၈၄၁ ခုနှစ်လောက်မှာ ပေါ်ပေါက်ခဲ့ပြီး သူ့ကျွန်ဘဝ မကျရောက်သေးခင် မင်းတုန်းမင်းတရားကြီးရဲ့ ရတနာပုံ သတင်းစာကိုတော့ ၁၈၇၄ ခုနှစ်ရောက်မှ ထုတ်ဝေနိုင်ခဲ့တာပါ။ နယ်ချဲ့တွေဟာ အောက်မြန်မာပြည်မှာ သတင်းကွန်ရက်နဲ့ သတင်းသုံးစွဲမှု အလေ့အထကို နှစ်ပေါင်း ၁၃၀ ကျော်စောပြီး ပုံသွင်းခဲ့ခြင်းကာ ချုပ်ကိုင်ခြယ်လှယ်ဖို့ စီမံဆောင်ရွက်ခဲ့ကြတာပါ။ တစ်နိုင်ငံလုံး ကျွန်ပြုခံရပြီးနောက်ပိုင်းမှာလည်း ကျွန်သက်ရှည်စေရေး ပုံဖျက်ပုံသွင်း သတင်းများနဲ့ မြန်မာနိုင်ငံအပေါ် ကုပ်သွေးစုပ် လက်ဝါးကြီးအုပ်ခဲ့ကြတာပါ။ လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှာလည်း မိုးလုံးပြည့်မုသား သတင်းတွေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ အမျိုး ဘာသာ သာသနာချစ်စိတ်တွေကို ရိုက်ချိုးဖျက်ဆီးခံခဲ့ကြရတာပါ။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း သတင်းအခြေပြု ပါဝင်စွက်ဖက်ဖြိုခွဲမှု နည်းလမ်းများနဲ့ မြန်မာနိုင်ငံကို အစဉ်တစိုက် ရန်ပြုဖျက်ဆီးခဲ့ကြတာပါ။

### လေလှိုင်းပေါ်က လူသတ်သမား

မြန်မာနိုင်ငံ အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးရေးကို ပြည်ပမီဒီယာများက အခုမှ ထလုပ်လာကြတာမဟုတ်ပါ။ အထင်ရှားဆုံးမှာ ၁၉၈၈ ခုနှစ် ကာလကတည်းက မဟုတ်မဟတ် လုပ်ဇာတ်တွေ ခင်းပြီး တိုင်းပြည်ကို ကျွန်ဇာတ်သွင်းဖို့ ကြိုးစားခဲ့ကြတာပါ။ ထိုစဉ်က အနောက်မျှော် ကျွန်ခံလိုသော လောက်ကောင် သစ္စာဖောက်များအတွက် အားဆေးအဖြစ် ဒီမီဒီယာတွေကို လေလှိုင်းပေါ်က လူသတ်သမား၊ နားမယောင်လေနဲ့ သတိထားလို့တောင် သတိပေးစကားများ နေ့စဉ် ထုတ်ပြန်ပေးခဲ့ရတာပါ။ နည်းပညာတိုးတက်တဲ့ခေတ် ရောက်လာတော့ လူလည် လူစွာတွေအတွက် လူပါးဝရတာ ခွင်ဖန်ရတာ ပိုပြီး လွယ်ကူလာတယ်ဆိုတာ ယနေ့ ဖြစ်ပျက်နေတာတွေက သက်သေပြနေပါတယ်။

### အွန်လိုင်းပေါ်က လူသတ်သမား

အင်တာနက်ထွန်းကားလာတော့ လူတိုင်း သတင်းသမားဖြစ်လာကြတယ်။ လူတိုင်း လူရာဝင်လာကြတယ်။ လူတိုင်း နေရာတကာ ပါဝင်ပတ်သက်လာကြတယ်။ ဒါကို ကောင်းကောင်းအသုံးချတတ်တဲ့ အနောက်နိုင်ငံတွေဟာ အဝေးကတစ်မျိုး၊ ပြည်တွင်းထဲမှာတစ်ဖုံ စုံလင်တဲ့ နည်းအဖြာဖြာနဲ့ မြန်မာပြည်ဖျက်ဆီးဖို့ ပြည်သူတွေ အကျင့်ပျက်ဖို့ ပိုမိုလွယ်ကူလျင်မြန်စွာ လုပ်လာနိုင်ကြပါတယ်။ သတင်းတု၊ သတင်းမှား၊ လိမ်လည်လှည့်ဖြားသတင်းတွေ လက်မခံပါဘူးဆိုတဲ့ သတင်းမီဒီယာပလက်ဖောင်းတစ်ခုဖြစ်တဲ့ ဖေ့စ်ဘုတ်ကတောင် ဘက်လိုက်မှုတွေ၊ မမျှတမှုတွေနဲ့ နိုင်ငံပိုင်မီဒီယာတွေကိုပါ ဖယ်ရှားတာတွေ လုပ်ခဲ့ကြပါတယ်။

မီဒီယာလွတ်လပ်ခွင့်၊ ဥပဒေလိုက်နာမှု စံနှုန်းတွေကိုတောင် အရှက်မဲ့စွာ ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ကြတာပါ။ လူသတ်ဖို့၊ ဗုံးခွဲဖို့၊ မီးရှို့ဖို့၊ အကြမ်းဖက်ဖို့ မြှောက်ပင့်လှုံ့ဆော်နေမှုတွေကို ခွင့်ပြုထားပေးတာ သတင်းလွတ်လပ်ခွင့်လားလို့ မေးခွန်းထုတ်ရမှာပါ။ ဆူပူအုံကြွ သူပုန်ထပြီး ဥပဒေတွေကိုချိုးဖောက်နေတဲ့ လုပ်ကြံဖန်တီး မုသားသတင်းတွေကို လွတ်လပ်ခွင့်ဆိုတဲ့အကြောင်းပြချက်နဲ့ ခွင့်ပြုပေးရမှာလား။ အတိုင်းအဆမဲ့ လွတ်လပ်ချင်နေတာက သတင်းဆိုတာထက် တိုင်းပြည်ဖျက်ရေးကို အလေးပေး ရှေးရှုနေတာ ထင်ရှားလှပါတယ်။ ပြည်ဖျက်မိစ္ဆာတွေကို ငွေကြေးထောက်ပံ့မှုတွေ၊ အားပေးအားမြှောက်ပြုမှုတွေ၊ မဟုတ်မမှန် လုပ်ကြံသတင်းတွေနဲ့ နိုင်ငံအချို့၊ NGO အမည်ခံအဖွဲ့နဲ့ လူမဆန်သူတွေရဲ့လုပ်ရပ်ကြောင့် မသိနားမလည်တဲ့ လူငယ်တွေ၊ အေးချမ်းတည်ငြိမ်စွာ နေထိုင်ဖြတ်သန်းလိုတဲ့ ပြည်သူတွေ အတိဒုက္ခရောက်နေကြရတာပါ။

### အမြင်မှန်နဲ့ အမှန်မြင်နိုင်ကြပါစေ

အကြမ်းဖက်မှု၊ ဖောက်ခွဲဖျက်ဆီးမှု၊ မီးရှို့မှု၊ တရားဥပဒေမဲ့ မတရားအသင်းဖွဲ့စည်းမှု၊ တိုင်းပြည်ပျက်ပြားအောင် လုပ်ကြံ ဝါဒဖြန့်နေသူကို ဘယ်နည်းလမ်းနဲ့ ထောက်ပံ့ပံ့၊ လက်ခံနေထိုင် အသိအမှတ်ပြုပြု ဒါဟာ ဘယ်နိုင်ငံရဲ့ တရားဥပဒေနဲ့မှကို ခွင့်ပြုနိုင်မည်မဟုတ်ပါ။ ဒီအခြေအနေကို နိုင်ငံတကာက သိမြင်နားလည်နေပါပြီ။ ဒါကြောင့် ပြည်သူများအနေနဲ့ အမြင်မှန်နဲ့ အမှန်မြင်နိုင်ကြပါစေ။ သတင်းလွတ်လပ်ခွင့် အကြောင်းပြပြီး မိစ္ဆာလူသတ်ကောင်တွေရဲ့ ယုတ်မာမှု အန္တရာယ်က လွတ်ကင်းကာ အေးငြိမ်းချမ်းသာရှိကြပါစေကြောင်း မေတ္တာများနဲ့ ဆုတောင်းလိုက်ရပါတယ်။ ။

> အင်တာနက်ထွန်းကားလာတော့ လူတိုင်း သတင်းသမားဖြစ်လာကြတယ်။ လူတိုင်း လူရာဝင်လာကြတယ်။ လူတိုင်း နေရာတကာ ပါဝင်ပတ်သက်လာကြတယ်။ ဒါကို ကောင်းကောင်းအသုံးချတတ်တဲ့ အနောက်နိုင်ငံတွေဟာ အဝေးကတစ်မျိုး၊ ပြည်တွင်းထဲမှာတစ်ဖုံ စုံလင်တဲ့ နည်းအဖြာဖြာနဲ့ မြန်မာပြည်ဖျက်ဆီးဖို့၊ ပြည်သူတွေအကျင့်ပျက်ဖို့ ပိုမိုလွယ်ကူလျင်မြန်စွာ လုပ်လာနိုင်ကြပါတယ်

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ တရားခံ အမျိုးသမီး တစ်ဦးနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၃၀

**နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့၌ ယနေ့တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ တရားခံအမျိုးသမီး တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**



လွင်မာစိုး




ယွန်းမီမီကျော်



ကျော်သက်အောင်

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ တရားခံ ယောက်သွားအင်း ကျေးရွာနေ မလွင်မာစိုး (၂၅) နှစ်သည် ၎င်း၏နေအိမ်တွင် ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်၌ တရားခံ မလွင်မာစိုးအား ဖမ်းဆီးရမိခဲ့သည်။ ၎င်းသည် လူမှုကွန်ရက်စာမျက်နှာ၌ Soe Lwin Mar အကောင့်ဖြင့် လူစုလူဝေးဖြစ်ပေါ်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အစိုးရဝန်ထမ်းများအား ပြစ်မှုကျူးလွန်စေရန် ကြံရွယ်ဆောင်ရွက်ခြင်းစသည်တို့အား ရေးသားဖော်ပြခဲ့သောကြောင့် အမှုဖွင့်အရေးယူထားရှိခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဧပြီ ၂၉ ရက်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် လှုံ့ဆော်စာများ ရေးသားခြင်း၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သော မယွန်းမီမီကျော် (ဘ) ဦးတင်မောင် အား ၎င်းနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင် (၁) လမ်း မြို့ဟောင်း (၂) လမ်း၊ အမှတ် (၈၇၄) A/B ၌လည်းကောင်း၊ အများပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ရန် ရည်ရွယ်၍ ညစဉ်သံပုံးတီးရန် ဦးဆောင်နှိုးဆော်သူ ကျော်သက်အောင်(ဘ) ဦးစန်းအောင် အား ၎င်းနေထိုင်ရာ စမ်းချောင်းမြို့နယ် ကျွန်းတော တောင်ရပ်ကွက်၊ ဇမ္ဗူရစ်လမ်း၊ အမှတ် (၁၈) (၅)လွှာ၌ လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းများ၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ၇၈ လမ်းနှင့် ကျွဲဆည်ကန် (ဖ)လမ်း ထောင့်ရှိ UAB ဘဏ်ရှေ့၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် ရပ်ကွက် ၃၆ လမ်း၊ ၆၉ လမ်းနှင့် ၇၀ လမ်းကြားရှိ စည်ပင်ဝန်ထမ်းအိမ်ရာ၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သုဓမ္မာလမ်းနှင့် ခေမာသီလမ်းထောင့်ရှိ မြို့နယ်ခန်းမရှေ့ လမ်းမ၌လည်းကောင်း၊ ယနေ့ နံနက် ၉ နာရီ ၅၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ၆၅ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ပါရမီလမ်းသွယ်ရှိ တရားရုံးဝန်ထမ်း လိုင်းခန်း၌လည်းကောင်း အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ထွက်ပြေးသွားသဖြင့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီး လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဧပြီ ၂၉ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၉) ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးကို အကြမ်းဖက်သူ အမျိုးသားသုံးဦးက ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး မီးပုလင်းဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး ပစ်ပေါက်မှုကြောင့် ရုံးပြတင်းပေါက် တံခါးမှန်သုံးချပ် ကွဲအက်ပျက်စီးခဲ့ကာ မီးလောင်ကျွမ်းမှုမရှိကြောင်း သိရသည်။

ထို့ပြင် ဧပြီ ၃၀ ရက် နံနက် ၇ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်စေတနာရပ်ကွက် တောင်တွင်းလမ်းနှင့် အဝေရာလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် လက်လုပ်မိုင်းတွေ့ရှိ



ပြည်ကြီးတံခွန်မြို့နယ်၌ UAB ဘဏ်ရှေ့၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲမှု။

ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ လက်ဖက်ရည်ဆိုင်၏ မြောက်ဘက်ခြမ်း ခြံစည်းရိုးဘေးတွင် အပြာရောင် လက်ဆွဲအိတ်တစ်လုံးအတွင်းမှ အဝါရောင်တိပ်ပတ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် အများပြည်သူအန္တရာယ်မဖြစ်စေရေးအတွက် အဆိုပါ ချိန်ကိုက်မိုင်းအား စစ်မြေပြင် အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်း သိမ်းဆည်းခဲ့သည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဧပြီ ၃၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိ သူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဧပြီ ၂၉ ရက်နှင့် ယနေ့တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပြင်သာကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အဆိုပါကျေးရွာ၏အရှေ့ဘက်ကမ်းရှိလူမနေသည့် တဲအတွင်းမှ ဆူပူအကြမ်းဖက်မှု ပြုလုပ်ရာတွင် အသုံးပြုသည့် တူမီးသေနတ် သုံးလက်နှင့် PSI စလောင်း တစ်ခုကိုလည်းကောင်း၊



အလုံမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ The Chinland Post ဂျာနယ် အယ်ဒီတာဖြစ်သူ ဆလိုင်းဘွေအုပ်ထန်၏နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ကလေးမြို့ တပ်ဦးသီတာရပ်ကွက် ဘူတာရုံအနီး၌ လက်လုပ်သေနတ် နှစ်လက်ကိုလည်းကောင်း၊ မကွေးမြို့၊ အဝေရာလမ်းနှင့် တောင်တွင်းလမ်းထောင့်ရှိ သစ်ပင်ခွကြား၌ ဒေသန္တရချိန်ကိုက်မိုင်း တစ်လုံးကိုလည်းကောင်း တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၁၅၇)ဒုတိယထပ်ဆောက်လုပ်ဆဲ တိုက်အတွင်း၌ ဆူပူအကြမ်းဖက်ဆန္ဒပြရာတွင် အသုံးပြုသည့် ပစ္စည်းများ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ စောရန်ပိုင်အရှေ့ရပ်ကွက် အေလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းကြား၌ ဒိုင်းမျိုးစုံ အချပ် ၅၀ ကိုလည်းကောင်း၊ အဆိုပါ ဆောက်လုပ်ဆဲ တိုက်အတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ရှစ်လုံး၊ နို့ဆီဘူးခွံဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၊ ကန့်မှုန့် တစ်ထုပ်၊ ဓာတ်ဆီ ရေသန့်ဘူး တစ်ဘူး၊ သံဆူးချွန် ၃၀၊ ဖိုက်ဘာဦးထုပ် ၂၀ ၊ ဓာတ်ငွေ့ကာ ၁၀ ခု၊ ဒိုင်းမျိုးစုံ ၁၂ ချပ်နှင့် နိုင်ငံတော် ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း/ဆိုင်းဘုတ် ၁၂ ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီခွဲအချိန်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကံရပ်ကြီးရပ်ကွက်ရှိ အဝေရာမီးပုံပျံကွင်း၌ လက်နက်အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ကံသာယာရပ်ကွက်နေ အောင်ထွန်း (ခ) နေနေ (၂၂) နှစ် (ဘ) ဦးလှိုင်ဦးအား တွေ့ရှိပြီး ၎င်းကိုင်ဆောင်ထားသော အစိမ်းရောင်ပြောက်ကျားအိတ်အတွင်းမှ ပွိုင့် ၂၂ သေနတ် တစ်လက်၊ ၎င်းကျည် အတောင့် ၂၀၊ Scope နှစ်ခုနှင့် WY စိတ်ကြွဆေးပြား နှစ်ပြားတို့အား သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ Rifle Scope တစ်ခု၊ အသံတိတ်ပြောင်း တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် သို့ဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ကနေ တင်သွင်းမှုကန့်သတ်လိုက်တဲ့ ကုန်ပစ္စည်း(၄)မျိုးက မရှိမဖြစ် လိုအပ်တဲ့ပစ္စည်းတွေ မဟုတ်တာကြောင့် ကုန်သွယ်မှုလုပ်ငန်းတွေအပေါ် ထိခိုက်မှုမရှိပါဘူး

ဦးမြင့်သူရ

## တွေ့ဆုံမေးမြန်း-စိမ်းခက်၊ လင်းလက်/ ဓာတ်ပုံ-ကိုဇော်

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အစားအသောက် ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စနစ်တကျ စစ်ဆေးနိုင်ရေး၊ ပြည်တွင်း SMEs လုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်ယှဉ်ပြိုင်မှု အကာအကွယ်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်ကာ ပထမအဆင့်အနေဖြင့် အချိုရည်မျိုးစုံ၊ ကော်ဖီမစ်မျိုးစုံ/ တီးမစ်မျိုးစုံ၊ Instant Coffee၊ နို့ဆီ/နို့စိမ်း စသည့်စားသောက်ကုန်(၄)မျိုးကို ၂၀၂၁ခုနှစ်၊ မေ ၁ ရက်ကစပြီး နယ်စပ်ဒေသများမှ ယာယီတင်သွင်းခွင့်မပြုဘဲ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုခြင်းနှင့်စပ်လျဉ်းပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**



ဦးမင်းမင်း
(အမြဲတမ်းအတွင်းဝန်)



ဦးမြင့်သူရ
(ညွှန်ကြားရေးမှူးချုပ်)



ဒေါ်ဝင်းမင်းဖြိုး
(ညွှန်ကြားရေးမှူး)

**ဦးမင်းမင်း (အမြဲတမ်းအတွင်းဝန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

**မေး ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မေလ ၁ ရက်နေ့ကစပြီး နယ်စပ်ကနေ ကုန်စည်(၄)မျိုး တင်သွင်းခြင်း ကန့်သတ်ရတဲ့ အကြောင်းရင်းကို သိလိုပါတယ်။**

ဖြေ ။ ။ အစားအသောက် ဘေးကင်းလုံခြုံမှု ရှိစေရေးနဲ့ စနစ်တကျ စစ်ဆေးနိုင်ရေး၊ ပြည်တွင်း SMEs လုပ်ငန်းတွေက ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေအပေါ် ဈေးကွက်ယှဉ်ပြိုင်မှု အကာအကွယ်ပေးနိုင်ရေး တင်ပြချက်တွေအရ ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်ကစပြီး နယ်စပ်ဒေသတွေက ယာယီတင်သွင်းခွင့်မပြုဘဲ ပင်လယ်ရေကြောင်းကသာ တင်သွင်းခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်မှုမှာ တရားဝင်ကုန်သွယ်မှု လမ်းကြောင်းက ဝင်ရောက်လာတဲ့ စားသောက်ကုန်တွေကို အတိုင်းအတာတစ်ခုအထိ စစ်ဆေးဆောင်ရွက်နေသည့်တိုင် နိုင်ငံအတွင်း တရားမဝင် မှောင်ခိုလမ်းကြောင်းတွေက ဝင်ရောက်လာတဲ့ စားသောက်ကုန်တွေကို စစ်ဆေးကြပ်မတ်နိုင်ဖို့ အကန့်အသတ်တွေ များစွာရှိနေပြီး တရားမဝင် နယ်စပ်လမ်းကြောင်းတွေကနေ အချိုရည်အပါအဝင် စားသောက်ကုန်တွေ နည်းမျိုးစုံနဲ့ ပြည်တွင်းကို ဝင်ရောက်မှုတွေ ရှိနေပါတယ်။ နယ်စပ်လမ်းကြောင်းတွေကနေ တင်သွင်းခွင့်ပြုရင် တရားမဝင်တင်သွင်းမှုနဲ့ ရောနှောနေပြီး တင်သွင်းခြင်းကို စစ်ဆေးရေးဂိတ်တွေမှာ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရာမှာ အခက်အခဲများ ရှိနေတဲ့အတွက်ကြောင့် ပင်လယ်ရေကြောင်းကသာ တင်သွင်းခွင့်ပြုပေးခြင်း ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းတွေကို အားပေးကူညီပြီး နိုင်ငံတော်ရဲ့ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဆောင်ရွက်ဖော်ဆောင်ရေးကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ အခုလို စားသောက်ကုန်စည် (၄)မျိုး တင်သွင်းမှု ပိတ်လိုက်တဲ့အပေါ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေက ဘာတွေဖြစ်မလဲ။ ကုန်သည်တွေအတွက်ရော ထိခိုက်နစ်နာမှု ရှိနိုင်ပါသလား။**

ဖြေ ။ ။ အဆိုပါ ကုန်စည်တွေကို နယ်စပ်ဒေသတစ်ခုတည်းကပဲ တင်သွင်းခွင့်ကို ယာယီရပ်ဆိုင်းခြင်း ဖြစ်ပါတယ်၊ ပင်လယ်ရေကြောင်းကနေ တင်သွင်းခွင့်ပြုထားတဲ့အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံကို တင်သွင်းခွင့် ဆက်လက်ရရှိထားမှာ ဖြစ်ပါတယ်။

ဒီလို ပင်လယ်ရေကြောင်းက တင်သွင်းလာခြင်းအားဖြင့် အစားအစာ လုံခြုံစိတ်ချရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေက လုံလောက်စွာ စစ်ဆေးခွင့်ပြုပေးနိုင်တဲ့ အခြေခံအဆောက်အအုံနဲ့ ကျွမ်းကျင်ပညာရှင်တွေလည်း လုံလောက်တဲ့အတွက် ပြည်သူများအတွက် ကျန်းမာရေးအရ လုံခြုံစိတ်ချမှုကို ပိုမိုရရှိစေမှာ ဖြစ်ပါတယ်။

အခုလို နယ်စပ်တွေကနေ တင်သွင်းခွင့် ယာယီရပ်ဆိုင်းထားတဲ့ ကာလတွေမှာ အစားအစာ လုံခြုံစိတ်ချစေရေးအတွက် သက်ဆိုင်တဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေက အခြေခံအဆောက်အအုံတွေ တိုးချဲ့ခြင်း၊ ကျွမ်းကျင်သူတွေ တိုးချဲ့ခန့်ထားခြင်း တို့ကို ဆောင်ရွက်ခြင်းအားဖြင့် နောင်နယ်စပ်ကုန်သွယ်မှုမှာ အဆိုပါပစ္စည်းတွေကို လုံခြုံစိတ်ချစွာ တင်သွင်းခွင့်ပြုနိုင်မှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးတွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ရေတိုမှာ အဆင်မပြေမှု အနည်းငယ် ရှိနိုင်ပေမယ့် ရေရှည်မှာ အများပြည်သူ ကျန်းမာရေး အတွက် ပင်လယ်ရေကြောင်းက ဆက်လက် တင်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ထိခိုက်နစ်နာမှုတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် လုပ်ငန်းသုံး မော်တော်ယာဉ်တွေ တင်သွင်းမှုမူဝါဒ ဆောင်ရွက်ခဲ့တဲ့ သာဓကအရ တင်သွင်းသူကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု ပိုအားကောင်းလာသလို စားသုံးသူတွေရဲ့ နစ်နာမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

**ဦးမြင့်သူရ (ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန)**

**မေး ။ ။ အခုလို နယ်စပ်ကနေ တင်သွင်းမှုကို ကန့်သတ်တာက ထိုင်းနိုင်ငံတစ်ခုတည်း နဲ့သာ သက်ဆိုင်ပါသလား သိလိုပါတယ်။**

ဖြေ ။ ။ စားသောက်ကုန်(၄)မျိုးကို နယ်စပ်ဒေသတွေကနေ ယာယီတင်သွင်းခွင့် ကန့်သတ်တာက ထိုင်းနိုင်ငံ နယ်စပ်တစ်ခုတည်းသာမဟုတ်ဘဲ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိတဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့ နှစ်နိုင်ငံ တရားဝင်ဖွင့်လှစ်ထားတဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းအားလုံးကနေ တင်သွင်းတာနဲ့ သက်ဆိုင်ပါတယ်။

**မေး ။ ။ အခုလို ကုန်ပစ္စည်း (၄)မျိုးကို နယ်စပ်ကနေ တင်သွင်းမှု ကန့်သတ်လိုက်တဲ့ အတွက် နယ်စပ်ကုန်သွယ်မှုအပေါ် ထိခိုက်မှု ရှိနိုင်ပါသလား။**

ဖြေ ။ ။ ကုန်ပစ္စည်း(၄)မျိုးကို နယ်စပ်ကနေ တင်သွင်းမှု ကန့်သတ်တာက ယာယီကန့်သတ်တာဖြစ်ပြီး ပင်လယ်ရေကြောင်းနဲ့ လေကြောင်းတို့ကနေ ပုံမှန်တင်သွင်းခွင့်ပြုထားပါတယ်။ အခုလို နယ်စပ်ကနေ တင်သွင်းမှု ကန့်သတ်လိုက်တဲ့ ကုန်ပစ္စည်း (၄) မျိုးက မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းတွေ မဟုတ်တာကြောင့် ကုန်သွယ်မှု လုပ်ငန်းတွေအပေါ် ထိခိုက်မှုမရှိပါဘူး။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကိုလည်း ချီးမြှောက်အားပေးရာရောက်ပါတယ်။

**မေး ။ ။ အခုလို ကုန်ပစ္စည်း (၄)မျိုးကို နယ်စပ်ကနေ တင်သွင်းမှုကန့်သတ်လိုက်ခြင်းဟာ တရားမဝင် ကုန်သွယ်မှုနဲ့ သက်ဆိုင်ပါသလား။**

ဖြေ ။ ။ တရားမဝင် ကုန်သွယ်မှုနဲ့လည်း သက်ဆိုင်ပါတယ်။ တရားမဝင် ကုန်သွယ်မှုစာရင်းတွေအရ ထိုင်းနယ်စပ်ကုန်သွယ်ရေး စခန်းတစ်ခုဖြစ်တဲ့ မြဝတီကုန်သွယ်ရေးစခန်းကနေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ သွင်းကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၁၈၉ သန်း ရှိပြီး တစ်ဖက်နိုင်ငံ ပို့ကုန်စာရင်းအရ အမေရိကန်ဒေါ်လာ ၁၈၃ ဒသမ ၇၄၂ သန်း ဖြစ်တဲ့အတွက် ကွာဟမှု အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၅၅၃ သန်းရှိတာ စိစစ်တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ကုန် ထိုင်းနိုင်ငံရဲ့ သွင်းကုန် နှိုင်းယှဉ်ချက်မှာ ကွာဟမှု အနည်းငယ်သာရှိပြီး မြန်မာနိုင်ငံ သွင်းကုန်၊ ထိုင်းနိုင်ငံ ပို့ကုန်အနေနဲ့ ကွာဟမှုမှာ နှစ်စဉ် ၂ ဘီလီယံကျော်ခန့်ရှိတာ တွေ့ရှိရပါတယ်။

**မေး ။ ။ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ကာလမှာ ကုန်သွယ်မှုလုပ်ငန်းတွေ အတွက် ဖြေလျှော့ပေးမှုတွေ ဆောင်ရွက်ပေးခဲ့တာ ရှိပါသလား။**

ဖြေ ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန် ကောက်ခံလျက်ရှိတဲ့ သွင်းကုန်လိုင်စင်ကြေး နှုန်းထားတွေအစား သွင်းကုန်လိုင်စင်တစ်စောင်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနဲ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်နေ့က စတင်ကာ ဖြေလျှော့ပေးခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်ကစပြီး Myanmar Trade net 2.0 စနစ် ပြောင်းလဲဆောင်ရွက်တဲ့အချိန်ကစပြီး HS Line အားလုံးကို Fully Online Licensing စနစ်နဲ့ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်တွေ လုပ်ငန်းဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စေရေးအတွက် လိုင်စင်လျှော့ကျထားမှု လုပ်ငန်းတွေ ဖြေလျှော့ပေးမှုအနေနဲ့ ပို့ကုန်၊ သွင်းကုန် လိုင်စင် လျှော့ကျထားဖို့ လိုတဲ့ ကုန်စည်စာရင်းတွေအနက်က HS Code 2017 Version အရ ကုန်စည်လိုင်းပေါင်း (၁၁၀၀၀)ကျော်ရှိရာ ကုန်စည်လိုင်း ၁၂၂၄ လိုင်းသာ ပို့ကုန်လိုင်စင် လျှော့ကျထားဖို့ လိုအပ်ပြီး ကုန်စည်လိုင်း ၃၇၃၁ လိုင်းသာ သွင်းကုန်လိုင်စင် လျှော့ကျထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပို့ကုန်ပိုင်းမှာဆိုရင် စုစုပေါင်း ကုန်စည်လိုင်းအားလုံးရဲ့ ၁၁ ရာခိုင်နှုန်းခန့်နဲ့ သွင်းကုန်ပိုင်းမှာဆိုရင် စုစုပေါင်း ကုန်စည်လိုင်းအားလုံး ရဲ့ ၃၅ ရာခိုင်နှုန်းခန့်သာ လိုင်စင် လျှော့ကျထားဖို့ လိုအပ်တော့မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကိုဗစ်-၁၉ကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်မှုလျော့နည်း သက်သာစေရေးအတွက် ဆေးဝါးတွေနဲ့ ဆေးဝါးကုန်ကြမ်းတွေ အားလုံးအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုတာကို ၁၁-၄-၂၀၂၀ ရက်နေ့မှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ဖြေလျှော့ဆောင်ရွက်ခဲ့ပါတယ်။

**ဒေါ်ဝင်းမင်းဖြိုး**
**(ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)**

**မေး ။ ။ အခုထုတ်ပြန်တဲ့ ကိစ္စရပ်တွေက နိုင်ငံတကာ ကုန်သွယ်မှုစည်းမျဉ်း စည်းကမ်းတွေနဲ့ ကိုက်ညီမှု ရှိပါသလား။**

ဖြေ ။ ။ နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းတွေဆိုတာ နက်နဲကျယ်ပြန့်ပါတယ်။ မြန်မာနိုင်ငံသာမက ကုန်သွယ်ဖက်နိုင်ငံအားလုံးမှာ ကိုယ့်နိုင်ငံလိုအပ်ချက်အရ ကုန်သွယ်မှု စည်းမျဉ်း စည်းကမ်းတွေကို အမျိုးစုံ ချမှတ်ကျင့်သုံးကြတာ အားလုံးလည်း သိရှိကြမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမေးခွန်းကိုပဲ တိုက်ရိုက်ဖြေဆိုရမယ်ဆိုရင်တော့ ကိုက်ညီမှု ရှိပါတယ်။

ကုန်သွယ်မှုရဲ့ အခြေခံအကျဆုံး နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ အာဆီယံတို့လို ဒေသတွင်းအဖွဲ့အစည်းတွေအနေနဲ့ ကုန်စည်တွေ လွတ်လပ်စွာ ဈေးကွက်ဝင်ရောက်ခွင့်ကို အခြေခံမူအဖြစ်နဲ့ ဆောင်ရွက်ကြပေမယ့်လည်း အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မိမိတို့နိုင်ငံရဲ့ လိုအပ်ချက်အရ ပြည်တွင်း စည်းမျဉ်း စည်းကမ်းတွေကို ကုန်သွယ်မှု ဘာသာရပ်တွေအလိုက် လိုက်လျောညီထွေဖြစ်အောင် ပြဋ္ဌာန်းဆောင်ရွက်ကြပါတယ်။

အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ လိုက်နာရမယ့် တာဝန်ဝတ္တရားတွေရှိသလို ခြွင်းချက်ပေးထားတဲ့ အချက်တွေလည်းရှိတော့ ဒီဘောင်ထဲကနေပဲ ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ဥပမာ- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှာဆိုရင် General Exception ဆိုပြီး ပြဋ္ဌာန်းချက်ထည့်သွင်းထားတာရှိတယ်။ ပြည်သူလူထု၊ အပင်၊ တိရစ္ဆာန်နဲ့ အစားအသောက် သန့်ရှင်းကျန်းမာရေးအတွက် လိုအပ်တဲ့ ကန့်သတ်ချက်များ ဆောင်ရွက်ခွင့်တွေ ပါဝင်ပါတယ်။ အာဆီယံကလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ သဘောတူညီချက်တွေကို အခြေခံထားတာတွေ ပါဝင်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှုမှာ အစားအသောက်နဲ့ ဆေးဝါးများစစ်ဆေးမှု အပါအဝင် အပင်၊ ပိုးမွှားစစ်ဆေးမှု၊ တိရစ္ဆာန်နဲ့ တိရစ္ဆာန် အစားအစာ သန့်ရှင်းကျန်းမာရေးတို့ကို စစ်ဆေးဖို့ သက်ဆိုင်တဲ့ အခြေခံအဆောက်အအုံပိုင်းနဲ့ ကျွမ်းကျင်ပညာရှင်တွေ လုံလောက်အောင် ထားရှိဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ဒါ့အပြင် ဒီနေ့ ဆွေးနွေးပွဲမှာ အကြီးအကဲတွေ ရှင်းလင်းဆွေးနွေးပေးသွားပြီးလည်းဖြစ်တဲ့ နယ်စပ်တရားမဝင် မှောင်ခိုလမ်းကြောင်းတွေကနေ ဝင်ရောက်တဲ့ စားသောက်ကုန်တွေ ရှိနေတယ်။ အဲဒီ စားသောက်ကုန်တွေကို စစ်ဆေးကြပ်မတ်နိုင်ဖို့ အကန့်အသတ်များစွာ ရှိနေပါသေးတယ်။ ဒါ့ကြောင့် အချိုရည်မျိုးစုံ၊ ကော်ဖီမစ်မျိုးစုံ/ တီးမစ်မျိုးစုံ၊ Instant Coffee ၊ နို့ဆီ/နို့စိမ်း တို့ကို နယ်စပ်ကနေ တင်သွင်းဖို့ ကန့်သတ်မှုမှာ အများပြည်သူ ကျန်းမာရေးအတွက်ဆိုတဲ့ အကြောင်းပြချက်လည်း ပါဝင်သလို ပင်လယ်ရေကြောင်းကနေ တင်သွင်းမှုတွေကို ပိုမိုအားပေးဖို့လည်း ဖြစ်ပါတယ်။

*စာမျက်နှာ ၂၄ သို့*

# မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး(ရန်ကုန်) ၂၄ နာရီ ဖွင့်လှစ်ထားရှိ

**ရန်ကုန် ဧပြီ ၃၀**

အရေးပေါ် ခွဲစိတ်ကုသမှု အပါအဝင် အရေးပေါ် ဆေးဝါးကုသမှုခံယူရန် လိုအပ်သည့် လူနာများကို အချိန်မီ ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ရန် ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးအား ၂၄ နာရီ ဖွင့်လှစ်ထားကြောင်း သိရသည်။

"အရေးပေါ် လူနာတွေအတွက် ဆေးရုံက ၂၄ နာရီ ဖွင့်ထားပါတယ်။ ဆေးရုံဝန်ထမ်းတွေအနေနဲ့ ကတော့ ရှိတဲ့အင်အားနဲ့ လူနာတွေကို အတတ်နိုင်ဆုံး ကုသပေးနေပါတယ်။ ခွဲစိတ်တာ၊ ကလေးမွေးတာ၊ ကလေးကာကွယ်ဆေးထိုးတာ၊ ကိုဗစ်ကာကွယ်ဆေးထိုးတာတွေ လုပ်နေပါတယ်။ မွေးကင်းစကလေးတွေလည်း ပြန်လည်ကုသရေး လုပ်နေပါတယ်"ဟု မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး (ရန်ကုန်) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် အရေးပေါ်ဌာန၊ ခွဲစိတ်ကုဌာန၊ သားဖွားနှင့် မီးယပ်ဌာန၊ ဆေးကုသဆောင်ဌာန၊ အရိုးရောဂါကုသဌာန၊ မွေးကင်းစကလေးကုသဌာန၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသဌာန၊ သွေးရောဂါကုပညာဌာန၊ ရင်ခေါင်းဆေးကုသဌာန၊ အရေပြားရောဂါဌာန၊ မေ့ဆေးပညာဌာန၊ မှုခင်းဆိုင်ရာဆေးပညာဌာန၊ မျက်စိရောဂါကုဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲနှင့် ရောဂါဗေဒဌာန၊ သွားနှင့် ခံတွင်း ရောဂါကုသဌာန၊ အသည်းရောဂါဌာန၊ အထူးကြပ်မတ်ကုသဆောင်၊ ဆီးချိုနှင့် ဟော်မုန်းရောဂါဌာနများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ဝေဒနာရှင်များအနေဖြင့် သက်ဆိုင်ရာ ဌာနအလိုက် ပြသ၍ လိုအပ်သော ဆေးဝါးကုသမှုများ ခံယူနိုင်ကြောင်း သိရသည်။

ထို့ပြင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးရှိ ပြင်ပလူနာဌာနများကို ဌာနများအလိုက် ယခင်အချိန်ဇယားများအတိုင်း ရုံးချိန်အတွင်း ဖွင့်လှစ်ထားရှိပြီး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ ရန်ကုန်တိုင်းဒေသကြီးသာမက ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းစသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း လာရောက်၍ ဆေးဝါးကုသမှုခံယူသူ များပြားလျက်ရှိရာ ပြင်ပလူနာဌာနသို့ လာရောက်ပြသသူ တစ်ရက်လျှင် လူနာ ၂၀၀ မှ ၂၅၀ ကြားရှိပြီး လက်ရှိဆေးရုံတက်ရောက်ကုသနေသည့် လူနာဦးရေမှာ ၃၀၀ ခန့်ရှိ ကြောင်း အဆိုပါ ဆေးရုံကြီးမှ သိရသည်။

**သတင်း-စိမ်းခက်၊ ဓာတ်ပုံ-လင်းလက်**

# ပုသိမ်မြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးတွင် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လက်ခံကုသပေးလျက်ရှိ

**ပုသိမ် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် မတ်၂၄ ရက်မှစ၍ ကျန်းမာရေး စောင့်ရှောက်မှုကို တိုင်းဒေသကြီး ကုသရေးဦးစီး ဌာနမှူး ဒေါက်တာ ဇော်မင်းထွန်း၊ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ် ဒေါက်တာ



ကောင်းမြတ်စိုးတို့၏ ကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီး ၁၁ ဦး၊ အထူးကုဆရာဝန် ကိုးဦး၊ အထူးကုလက်ထောက် ဆရာဝန်ငါးဦး၊ ရိုးရိုးလက်ထောက် ဆရာဝန်လေးဦး၊ သူနာပြု ၁၀၆ ဦးတို့က နေ့ညမပြတ် လူနာများအား လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

**လက်ခံကုသပေး**

ထို့ပြင် မတ် ၁၉ ရက်မှ စ၍ ပြင်ပ လူနာများကိုလည်း အထူးကု ဆရာဝန်ကြီးများက အရိုးရောဂါကို တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တွင် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ ကလေးရောဂါကို တနင်္လာနေ့နှင့် ကြာသပတေးနေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ မျက်စိရောဂါကို တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တွင် နံနက် ၁၀ နာရီ မှ ၁၁ နာရီအထိ လည်းကောင်း၊ သားဖွားမီးယပ်ရောဂါကို အင်္ဂါနေ့နှင့် ကြာသပတေးနေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါများကို အင်္ဂါနေ့နှင့် သောကြာနေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ခွဲစိတ်ကုသမှုကို တနင်္လာနေတွင် မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိနှင့် ဗုဒ္ဓဟူးနေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ ကင်ဆာရောဂါကို အင်္ဂါနေ့နှင့် သောကြာနေ့တွင် မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း၊ ခုခံကျရောဂါကို ကြာသပတေးနေ့တွင် မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း လက်ခံကုသပေးလျက်ရှိသည်။

ကိုဗစ်-၁၉ကာလဖြစ်သည့်အတွက် သံသယလူနာများကိုလည်း စစ်ဆေးပြီး ပိုးတွေ့ရှိပါက ကိုးသိန်းဆေးရုံတွင် လက်ခံကုသပေးလျက် ရှိကြောင်း ခုတင် (၅၀၀)ဆံ့ ဆေးရုံအုပ် ဒေါက်တာ ကောင်းမြတ်စိုးက ပြောသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ

**ထားဝယ် ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးအပါအဝင် ဆရာဝန်ဦးရေ ၂၂ ဦးဖြင့် မတ် ၁၇ ရက်မှစ၍ လူနာများအား ဆေးဝါးများ စတင်ကုသပေးခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

လက်ရှိတွင် ဝန်ထမ်းဦးရေ နည်းပါးသော်လည်း လာရောက်သော လူနာများကို လက်ခံပြီး ကုသပေးလျက်ရှိရာ သားဖွားနှင့် မီးယပ်ဌာနကို တနင်္လာနှင့် ဗုဒ္ဓဟူးနှစ်ရက် ဆေးဝါးကုသပေးခဲ့ပြီး ပြင်ပအရေးပေါ်လူနာဌာနကို နေ့စဉ် ၂၄ နာရီ ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြိတ်မြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် မေ ၁ ရက်မှစတင်ကာ ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းနှင့် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရမည့် ဝေဒနာရှင်များအား ပြန်လည် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကုသပေးမည်**

မြိတ်မြို့ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအား မေလအတွင်း စတင်ဆောင်ရွက်ရာတွင် ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုးအကြော၊ စိတ်ကျန်းမာရေးနှင့် သွားရောဂါဝေဒနာရှင်များကို ဓာတ်ခွဲ၊ ဓာတ်မှန်အပါအဝင် ဆေးပညာအထူးကု၊ ဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်၊ သူနာပြုများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ပြီး အရေးပေါ်ဌာနကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်းနှင့် အထူးကုပြင်ပအနေဖြင့် စိတ်ကျန်းမာရေးနှင့်သွားရောဂါကို ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံတွင် ပြည်သူများ၏ ကျန်းမာရေးကုသမှုလုပ်ငန်းများအား ခရိုင်ဆေးရုံအုပ်ကြီး အပါအဝင် ကလေးအထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီးနှင့် သွားဘက်ဆိုင်ရာ အထူးကု ဆရာဝန်အပါအဝင် ဆရာဝန်ခြောက်ဦး၊ သူနာပြုဆရာမကြီး သုံးဦး၊ သူနာပြုနှစ်ဦးဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ကုသမှု လုပ်ငန်းများကို အလှည့်ကျ ဆောင်ရွက်ပေးလျက်ရှိပြီး သူနာပြုဝန်ထမ်းအင်အား မလုံလောက်မှုကြောင့် အရေးပေါ် အကြီးစား ခွဲစိတ်ကုသမှုနှင့် ဆေးရုံတက်ရောက်ကုသမည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း အရေးပေါ် ပြင်ပလူနာအဖြစ် လာရောက်ကုသမှုလုပ်ငန်းများကိုမူ နေ့စဉ် ၂၄နာရီ ဖွင့်လှစ် ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ပေးနေ

**လွိုင်ကော် ဧပြီ ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများသာမက ရပ်နီးရပ်ဝေးမှ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စများ၊ ကာကွယ်ကုသရေးဆိုင်ရာ ကိစ္စများနှင့် အရေးပေါ်ကျန်းမာရေးကိစ္စများကို ကျန်းမာရေးဝန်ထမ်းများက နေ့စဉ် နေ့/ည မရွေး ကုသစောင့်ရှောက်ပေးလျက်ရှိသည်။

**နေ့စဉ်ကုသပေးလျက်ရှိ**

လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ဌာနကို နေ့/ ည မရွေး ၂၄ နာရီ ဖွင့်လှစ် ကုသစောင့်ရှောက်ပေးလျက်ရှိပြီး အမျိုးသမီးရောဂါများ အတွက် တနင်္လာနေ့၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ဗုဒ္ဓဟူးနေ့၊ အရိုးနှင့် အကြောဝေဒနာရှင်များအတွက် တနင်္လာနေ့နှင့် ကြာသပတေးနေ့၊ သွားနှင့် ခံတွင်းဆိုင်ရာရောဂါများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သက်ဆိုင်သည့် ရောဂါများ၊ ကလေးငယ်များနှင့် ပတ်သက်သည့် ရောဂါများနှင့် အထွေထွေရောဂါများကို နေ့စဉ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# စက္ကန့်တိုင်းဟာ ဘဝပါ

## ပီတိရှင်

တစ်ရက်မှာ ၂၄ နာရီ ရှိပါတယ်။ လူတိုင်း တစ်ရက်အတွက် ၁၄၄၀ မိနစ်စီ ညီတူညီမျှအသုံးချပိုင်ခွင့် ရှိကြပါတယ်။ ဒီထက် ထပ်အသေးစိတ်ပြောရရင် ၈၆၄၀၀ စက္ကန့် ကိုယ်စီကိုယ်င ပိုင်ဆိုင်ကြတယ်။

**စနစ်တကျ အကျိုးရှိရှိ အသုံးချနိုင်ရေး**

အသက်ရှင်ခိုက် ဘာတွေ ဘယ်လို ဘယ်လောက် သမိုင်းကမ္ပည်းမှတ်တမ်း ရေးထိုးစိုက်ထူနိုင်ခဲ့သလဲ။ တကယ်တော့ တန်းတူညီမျှရရှိကြတဲ့ အချိန်တွေကို အသုံးချပုံ၊ အသုံးပြုပုံ၊တန်ဖိုးထားပုံကွာခြားကြမှုက အဓိကအကြောင်းတရား ဖြစ်ပါတယ်။ လူတိုင်း သတိမထားမိကြတာက စက္ကန့်တိုင်းဟာ ဘဝဆိုတဲ့ အချက်ပါ။ ဒါကို သတိထားမိကြပြန်တော့လည်း ဒီအချိန်တွေကို ဘယ်လို စီမံခန့်ခွဲမလဲ၊ ဘယ်လိုအကျိုးရှိအောင် အသုံးချမလဲဆိုတဲ့ အသိပညာ ဉာဏ်အမြော်အမြင်ကလည်း လိုသေးပါတယ်။ ကိုယ်ပိုင်တဲ့ ရှင်သန်ချိန်တွေကို ကိုယ်တိုင် စနစ်တကျ အကျိုးရှိရှိ အသုံးချနိုင်ရေးဟာ အဓိကအခရာကျတဲ့အချက်ဖြစ်ပါတယ်။

စက္ကန့်တိုင်းဟာ ဘဝပါဆိုရင် အောက်ဖော်ပြပါအချက်တွေကို စက္ကန့်တိုင်း သတိရှိစွာ အခါမလပ် အသုံးတည့်စွာ အကောင်အထည်ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်-

၁။ စိတ်ကို စက္ကန့်တိုင်း ဖြူစင်ရှင်းသန့်နေရမယ်။
၂။ စိတ်နဲ့ကိုယ် ထပ်တူမျှတ သဘာဝကျ မှန်ကန်ရမယ်။
၃။ အသက်ရှင်သန်ရေး ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အနားယူမှုတွေကို စနစ်တကျ အသုံးချတတ်ရမယ်။
၄။ ကုသိုလ်၊ အကုသိုလ် တိကျမှန်ကန်စွာ ပိုင်းခြားရမယ်။
၅။ ကျေးဇူးပြုဖူးသူတိုင်းကို ကျေးဇူးဆပ်ရမယ်။ သူတစ်ပါးကျေးဇူးကို ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးနဲ့ နှစ်နှစ်ကာကာ အသိအမှတ်ပြုဖော်ပြပေးရပါမယ်။
၆။ ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခ သောက မရစေရ၊ မရောက်စေရ။
၇။ အိပ်ချိန်၊ နားချိန်၊ နိုးထချိန်တွေကို အကျိုးရှိစေရပါမယ်။
၈။ လူ့ကျင့်ဝတ်၊ လူ့ဝတ္တရား၊ လူသားပီသတဲ့ လူမှုနေထိုင်မှုတွေနဲ့ ဖြတ်သန်းနိုင်ရပါမယ်။
၉။ သူတစ်ပါးနဲ့ မိမိကိုယ်မိမိ အပြစ်တင်ခြင်း အပြစ်မြင်ခြင်းတွေကို တတ်နိုင်သမျှ လျှော့ချရပါမယ်။
၁၀။ သည်းခံခွင့်လွှတ်စိတ်နဲ့ အကောင်းမြင်စိတ်တွေကို မွေးမြူရှင်သန်စေရပါမယ်။
၁၁။ ရှင်သန်နေထိုင်ခဲ့ပြီးသမျှကာလတွေအပေါ် အပိုင်းအခြားပြုသုံးသပ်ပြီး မကောင်းတာပယ် ကောင်းတာတွေကို သယ်ယူကျင့်ကြံ လုပ်ဆောင်နိုင်ရပါမယ်။
၁၂။ မိမိပတ်ဝန်းကျင်ကို ကူညီနိုင်သူ၊ ဖြဟ္မစိုရ်တရား ထွန်းကားသူအဖြစ် ရပ်တည်နိုင်ရပါမယ်။

လူကောင်း၊ လူဆိုး ဆိုတဲ့ သတ်မှတ်ချက်တွေဟာ မိမိကိုယ်တိုင်ပြုကျင့်နေထိုင်မှုအပေါ် အဖြေထုတ်ပေးထားတဲ့ ရလဒ်ပဲဖြစ်ပါတယ်။ လူအများစုဟာ လူကောင်းပဲဖြစ်ချင်ကြတာဖြစ်ပါတယ်။ မလွဲသာမရှောင်သာလို့ လူဆိုးဖြစ်ရပါတယ်ဆိုတဲ့ အကြောင်းပြချက်ဟာ မခိုင်လုံတဲ့ လှီးလွှဲဖယ်ရှောင်တဲ့ ဆင်ခြေသာဖြစ်ပါတယ်။ ကိုယ့်ဘဝစက္ကန့်တိုင်းကို အသိ၊ သတိ၊ ဆင်ခြင်မှု၊ ဖြည့်တွေးနားလည်မှု၊ ကိုယ်ချင်းစာမှု၊ သစ္စာရှိမှု၊ လူပီသမှု၊ စိတ်ရှည်သည်းခံမှု၊ ချင့်ချိန်နိုင်းဆမှု၊ သံယောဇဉ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အပြုသဘောဆောင်ဖြစ်တည်နေထိုင်မှုတွေနဲ့ ဘဝကို နေ့စဉ် ကျော်လွန်ဖြတ်သန်းပါက လူကောင်းစင်စစ် ဧကန်ဖြစ်မှာ မလွဲအသေချာဖြစ်ပါတယ်။

**တစ်ဦးပေါ်တစ်ဦး ယုံကြည်နားလည်ရေး**

လူအချင်းချင်း ယုံကြည်မှုကင်းရင် လူ့ဘဝ ရှင်သန်နေထိုင်ရတာ လုံခြုံမှု၊ လွတ်လပ်မှု၊ စိတ်ချမ်းသာမှုတွေရဖို့ ခက်ခဲလာတတ်ပါတယ်။ တစ်ဦးပေါ်တစ်ဦး ယုံကြည်နားလည်ရေးမှာ မိမိကိုယ်တိုင်ရဲ့ အပြုအမူ၊ အပြောအဆို၊ ကျင့်ကြံနေထိုင် ဆက်ဆံမှုတွေပေါ်မှာ အရင်းတည်ပါတယ်။ ကိုယ်ကအမြဲ အသာစီးယူနေလိုတာက လူကောင်းတစ်ဦးရဲ့ စိတ်ဓာတ်မဟုတ်ပါဘူး။ တစ်ပါးသူကို ချိုးနှိမ်ပုတ်ခတ်၊ လုပ်ကြံလှည့်ဖြား၊ အပေါ်ယံသကာများနဲ့ ဆက်ဆံပတ်သက်မှုတွေဟာ လူဆိုးတွေလို့ သတ်မှတ်ခံရမယ့်လူတွေရဲ့ မူလဘူတအမူအကျင့်ဖြစ်ပါတယ်။

**အသိနဲ့ သတိရှိရှိနေကြဖို့ လိုအပ်**

ရခဲလှတဲ့ လူ့ဘဝကို လူသားပီပီသသ၊ လူသားဆန်စွာ လူလိုတွေး၊ လူလိုနေရေးဟာ လူသားတိုင်းအတွက် အင်မတန် အရေးကြီးလှပါတယ်။ သတိတစ်ချက်လွတ်၊ အသိတစ်ခါမဲ့မှုကြောင့် အဖိုးတန်လူ့ဘဝပျက်ပြားဆုံးရှုံးကာ လူညွန့်တုံးနိုင်ပါတယ်။ ဒီအတွက် လူတိုင်းဟာ စက္ကန့်တိုင်း ဘဝဆိုတာကို အပြည့်အဝ နားလည်လက်ခံ ယုံကြည်မှု အသိနဲ့ သတိရှိရှိနေကြဖို့ လိုအပ်လှပါတယ်။ ကိုယ့်ဘဝရဲ့ စက္ကန့်တိုင်းကို တန်ဖိုးရှိလှတဲ့ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေလို အလေးအနက်ထား သုံးစွဲနိုင်ကြပါစေ။ ဘဝစက္ကန့်တိုင်းမှသည် လူသားအကျိုးပြု သမိုင်းမှတ်တိုင် စိုက်ထူနိုင်ကြသည့် လူကောင်း၊ လူမွန်၊ လူရည်ချွန်၊ လူတံခွန်များ ဖြစ်ကြပါစေကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။

❖ **ကိုယ့်ဘဝ စက္ကန့်တိုင်းကို အသိ၊ သတိ၊ ဆင်ခြင်မှု၊ ဖြည့်တွေးနားလည်မှု၊ ကိုယ်ချင်းစာမှု၊ သစ္စာရှိမှု၊ လူပီသမှု၊ စိတ်ရှည်သည်းခံမှု၊ ချင့်ချိန်နိုင်းဆမှု၊ သံယောဇဉ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အပြုသဘောဆောင် ဖြစ်တည်နေထိုင်မှုတွေနဲ့ ဘဝကို နေ့စဉ် ကျော်လွန်ဖြတ်သန်းပါက လူကောင်းစင်စစ် ဧကန်ဖြစ်မှာ မလွဲအသေချာဖြစ်ပါတယ်”**

---

*စာမျက်နှာ ၂၂ မှ*

ဒါနဲ့ပတ်သက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ အာဆီယံကိုလည်း ပွင့်လင်းမြင်သာမှု ရှိစေရေးမူအရ အသိပေးကြေညာခြင်း (notification) ကို ပေးပို့ဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ အာဆီယံနိုင်ငံတွေရဲ့ တုံ့ပြန်မှုက ဘယ်လို ရှိလာနိုင်သလဲ။**

ဖြေ ။ ။ အာဆီယံနိုင်ငံတွေထဲမှာတော့ လက်ရှိ နယ်စပ်က ပိတ်လိုက်တာ ဖြစ်တာကြောင့် အဓိက ထိုင်းနိုင်ငံအနေနဲ့ နှစ်နိုင်ငံညှိနှိုင်းမှုတွေ တောင်းဆိုလာတာတွေ ရှိပါတယ်။ အခု ကိစ္စကလည်း ပြည်တွင်းထဲ တင်သွင်းခွင့်ကို လုံးဝပိတ်ပင်ခြင်း မဟုတ်ဘဲ ပင်လယ်ရေကြောင်းကနေ တင်သွင်းခွင့်ပြုထားတဲ့အတွက် ထိုင်းနိုင်ငံနဲ့ ကုန်သွယ်မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။




ဦးသိန်းထွန်းဦး (ညွှန်ကြားရေးမှူး)

**ဦးသိန်းထွန်းဦး(ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံ)**

**မေး ။ ။ မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်မှာ လက်ရှိ ကုန်သွယ်မှု အခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ မြဝတီနယ်စပ်မှာ အဓိက ထုတ်ကုန်ပိုင်းမှာ တော်တော်လေး တင်ပို့မှုတွေ များလာပါတယ်။ အထူးသဖြင့် ပြောင်းက တစ်ဖက်နိုင်ငံကနေပြီး အမှာစာရှိတဲ့အတွက် ပြောင်းတင်ပို့မှုက အများဆုံး ရှိနေပါတယ်။ ဒါနဲ့တစ်ဆက်တည်း CMP အထည်ပစ္စည်းတွေ၊ စက်မှုပစ္စည်းတွေ၊ ကုန်ချောတွေ ဒါတွေက ဒုတိယလိုက်ပါတယ်။ တခြား လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုတွေ အများဆုံးဖြစ်နေပါတယ်။ သွင်းကုန်ပစ္စည်းမှာတော့ စက်ပစ္စည်းတွေ၊ဆောက်လုပ်ရေးပစ္စည်းတွေ အများဆုံး တင်သွင်းနေပါတယ်။ စားသောက်ကုန်ပစ္စည်းတွေကတော့ အနည်းအကျဉ်း တင်သွင်းနေပါတယ်။ သွင်းကုန်ပစ္စည်းပိုင်းမှာတော့ ပထမဆုံး ချစ်ကြည်ရေးတံတားကနေပြီးတော့ BGF ဇုန်မှာ တင်သွင်းတဲ့အပိုင်းမှာ အကောက်ခွန်ဘက်ကနေ စာရင်းသွင်းပါတယ်။

နောက်ပြီး မြို့ထဲမှာရှိတဲ့ ဂိုဒေါင်တွေမှာ ဂိုဒေါင်ချ ဆောင်ရွက်ပါတယ်။ ပြီးတော့မှ မြဝတီကုန်သွယ်ရေးဇုန်မှာ အခွန်ဆောင်ပြီးတော့ အမှန်တင်သွင်းမှုတွေ ဆောင်ရွက်ပါတယ်။ အဲဒီအပိုင်းမှာ ကျွန်တော်တို့ ချစ်ကြည်ရေးတံတားကနေပြီးတော့ မြို့ထဲမှာ ဂိုဒေါင်ချတယ်။ အမှန်တင်သွင်းဆောင်ရွက်တဲ့အချိန်မှာ တံတားဝင်ရောက်မှုအားလုံးက အမှန်တင်သွင်း ဆောင်ရွက်ခြင်း မရှိပါဘူး။ ဒါ့အပြင် သောင်ရင်းမြစ်ဘေးမှာရှိတဲ့ တရားမဝင် ကူးတို့ဆိပ်တွေလည်း ရှိပါသေးတယ်။ ဒီကူးတို့ဆိပ်တွေကနေပြီးတော့ တရားမဝင်ဝင်ရောက်မှုတွေလည်း ရှိနေပါတယ်။

ဒီအချက်တွေကြောင့် ကျွန်တော်တို့ ဒါကို ပြန်ပြီး စိစစ်ကြည့်လိုက်တဲ့အချိန်မှာ ပြီးခဲ့တဲ့လတွေမှာ ပြန်နှိုင်းယှဉ်ကြည့်လိုက်ရင် မြဝတီကုန်သွယ်ရေးဇုန်မှာ အမှန်တင်သွင်းတဲ့ အစီးရေ ၅၀၀၀ ဝန်းကျင်ရှိတဲ့အချိန်မှာ လမ်းကြောင်းမှာရှိတဲ့ သဃ်နီးညီနောင်တိုးဂိတ်၊ ဂျိုင်းတံတားဂိတ်တို့က ပြန်ချိန်ကြည့်လိုက်ရင် အစီးရေ တစ်သောင်းကျော်လောက် ကျွန်တော်တို့ထက် ပိုများနေပါတယ်။ အဲဒီလတွေမှာ စီးရေ တစ်သောင်းကျော်လောက်က တရားမဝင်ကုန်သွယ်မှု ကုန်စည်တင်သွင်းမှုတွေ ဖြစ်နေပါတယ်။ အထူးသဖြင့် တစ်ဖက်နိုင်ငံက တင်သွင်းတဲ့ ကုန်ပစ္စည်းတွေမှာ စားသောက်ကုန် ကုန်ပစ္စည်းတွေက ကုန်သွယ်ရေးလမ်းကြောင်းကနေ တရားမဝင်သယ်ဆောင်မှုတွေ ပိုများတဲ့အနေအထားရှိပါတယ်။

ပို့ကုန်ကတော့ လက်ရှိ ဒီဘက်မှာ ကုန်သွယ်ရေးလမ်းကြောင်းက ရန်ကုန်ကနေဆို တစ်ရက်နဲ့လည်း ရောက်နိုင်တယ်။ တစ်ညအိပ်နဲ့လည်း ရောက်နိုင်တယ်။ ဟိုဘက်ကမ်းကိုလည်း တစ်ခါတည်း တန်းပြီး သွားနိုင်တယ်။ မြန်ဆန်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လမ်းကြောင်းကနေ ကုန်ပစ္စည်းတင်ပို့မှု များလာပါတယ်။ နောင်လည်း ဒီထက်ပိုများလာနိုင်တဲ့ အခြေအနေလည်း ရှိပါတယ်။ သွင်းကုန်ပစ္စည်းပိုင်းကတော့ လက်ရှိ ဆောင်ရွက်နေတဲ့ ကုန်သွယ်မှုမှာ တရားမဝင်ဖြစ်နိုင်တဲ့ အခြေအနေပေါ်မှာ အဆင့်လိုက် BGF ဇုန် ရောက်တဲ့အပိုင်းမှာ ကြပ်မတ်ဖို့ လိုမယ်။ တရားမဝင်ကူးတို့ဆိပ်တွေက ဝင်ရောက်တဲ့အပေါ်မှာလည်း ကုန်သွယ်ရေးလမ်းကြောင်းပေါ်က စစ်ဆေးမှုတွေ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်နိုင်မယ်ဆိုရင် တရားဝင် ကုန်သွယ်ရေးလမ်းကြောင်းပေါ် တက်လာနိုင်ပါတယ်။ ဒါ့အပြင် အခုဖြစ်နေတဲ့ ဘဏ်အပိုင်းက အခက်အခဲတွေကိုလည်း မြန်မြန်ဆန်ဆန် ဝိုင်းဝန်းဖြေရှင်းပေးပြီး ရေရှည်မှာ ကုန်သွယ်မှုအတွက် နိုင်ငံတကာနည်းတူ အလွယ်တကူ ဆောင်ရွက်နိုင်မယ့် ဘဏ်စနစ်မျိုးဖြစ်အောင် စီမံပေးစေချင်ပါတယ်။ ဒီအတွက်ကိုလည်း သက်ဆိုင်ရာကော်မတီတွေက စီစဉ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှု အပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ မေကိုကိုသက် (တွဲဖက်ပါမောက္ခ) | မကွေး ဆေးတက္ကသိုလ် | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ စောသူရိန် (ဆေးရုံအုပ်ကြီး) | ဇလွန် ပြည်သူ့ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ စုမြတ် (လ/ထ ဆရာဝန်) | မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး။ | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ အိအိသွယ် (လ/ထ ဆရာဝန်) | မန္တလေး ပြည်သူ့ဆေးရုံကြီး | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ စောသီရိဟန် (လ/ထ ဆရာဝန်) | မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ မျိုးမြင့်ကျော် (တိုက်နယ် ဆရာဝန်) | မိုးတားလေး တိုက်နယ်ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ငြိမ်းငြိမ်းအိ (တိုက်နယ် ဆရာဝန်) | မော်လူး တိုက်နယ်ဆေးရုံ | မော်လူးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ယုယုခိုင် (အထူးကု) | ရွှေဘို ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ မေသန့်ဇင် (လ/ထ ဆရာဝန်) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ မင်းအောင်ခန့် (အထူးကု) | သထုံ ပြည်သူ့ဆေးရုံ | သထုံမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ရွှေဘိုပြည်သူ့ဆေးရုံမှ ဒေါက်တာ ယုယုခိုင် (အထူးကု)သည် မုံရွာမြို့ရှိ "ဖြူစင်မေတ္တာ" ဆေးရုံ၌လည်းကောင်း၊ ရွှေဘိုပြည်သူ့ဆေးရုံမှ ဒေါက်တာ မေသန့်ဇင် (လ/ထ ဆရာဝန်) သည် "မေခ"ဆေးရုံ၌လည်းကောင်း၊ သထုံပြည်သူ့ဆေးရုံမှ ဒေါက်တာ မင်းအောင်ခန့် (အထူးကု) သည် အမည်မရှိဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိကဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ ယုယုခိုင်(အထူးကု၊ ရွှေဘိုပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "ဖြူစင်မေတ္တာ" ဆေးရုံ(မုံရွာမြို့)မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ယုယုခိုင်



ဒေါက်တာ မေသန့်ဇင်(လ/ထ ဆရာဝန်၊ ရွှေဘိုပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "မေခ " ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မေသန့်ဇင်



ဒေါက်တာ မင်းအောင်ခန့်(အထူးကု၊ သထုံပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် အမည်မရှိ ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မင်းအောင်ခန့်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်မေဇင်သိမ့် | ကထိက၊ နည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်။ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါ်ဆွေဆွေအောင် | ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်။ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဦးဝင်းမင်းဆန်း | ကျောင်းအုပ်၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ မိတ္ထီလာမြို့။ | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဦးမျိုးသူကို | ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်။ | လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဦးကျော်ဝင်းလတ် | ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ မတ္တရာမြို့။ | မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဦးဝင်းထွန်း | ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျောက်ပန်းတောင်းမြို့နယ်။ | ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဦးမိုးဟိန်း | ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ တန့်ဆည်မြို့။ | တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါ်ယဉ်ယဉ်မော် | လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျောက်ပန်းတောင်းမြို့နယ်။ | ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဦးကောင်းသိုက်စိုး | လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ မြစ်သားမြို့နယ်။ | မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဦးရန်နိုင်ထွန်း | လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ သီပေါမြို့။ | သီပေါမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |



ဒေါ်မေဇင်သိမ့်(ကထိက၊ နည်းပညာတက္ကသိုလ်-မန္တလေး)မှ Profile နှင့် Post တင်ထားမှုအား တွေ့ရစဉ်



ဒေါ်ဆွေဆွေအောင်(ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ ရန်ကုန်တက္ကသိုလ်)၏ Profile နှင့် Post တင်ထားမှုအား တွေ့ရစဉ်



ဦးဝင်းမင်းဆန်း(ကျောင်းအုပ်ကြီး၊ အစိုးရနည်းပညာအထက်တန်းကျောင်း)၏ Profile နှင့် Post တင်ထားမှုအား တွေ့ရစဉ်



ဦးမျိုးသူကို(ဒုတိယမြို့နယ်ပညာရေးမှူး)၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးကျော်ဝင်းလတ်(ဒုတိယမြို့နယ်ပညာရေးမှူး၊ မတ္တရာမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်

စာမျက်နှာ ၂၈ သို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၀-၄-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၁-၃-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့်လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲ ညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## သတင်းထုတ်ပြန်ချက်

ရက်စွဲ ၊ ၂၀၂၁ ခုနှစ် ၊ ဧပြီလ ၃၀ ရက်

၁။ Mobile Internet ယာယီပြတ်တောက်နေစဉ်ကာလအတွင်း ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ Internet အသုံးပြု၍ ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာ System များ၊ Application များကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၉-၄-၂၀၂၁ ရက်နေ့တွင် ဝန်ဆောင်မှုရရှိသည့် ဘဏ်အချို့ကို ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ ယူအေဘီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့မှလည်း Mobile Banking ၊ Internet Banking ၊ Mobile top-up ၊ Other Cards top-up ၊ Bill Payment များ၊ Visa Master Credit Card Payment ၊ MPU Cards ၊ All ATMs ၊ Bank Pay များမှ Account to Account Transfer၊ Wallet to Wallet ၊ Bank to Wallet၊ Wallet to Bank ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် CBM Net ၏ CCT Function စသည့်ဝန်ဆောင်မှုများကို အများပြည်သူများအတွက် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် Wave Money၊ OK$ ၊ M-Pitesan၊ Mytel Pay ၊ MPT Money တို့ဖြင့် Mobile top-up၊ Wallet to Wallet ၊ Bank to Wallet၊ Wallet to Bank၊ Air Time top-up ၊ Merchant Cash in / Cash Out တို့ကို ယခင်အတိုင်း ဝန်ဆောင်မှုများကိုလည်း ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

# ကာဗာနီ၊ ဖာနန်ဒက်ဇ်တို့၏ ခြေစွမ်းပြမှုနှင့်အတူ ရိုးမားကို ဂိုးပြတ်အနိုင်ယူပြီး ယူရိုပါလိဂ်ဗိုလ်လုပွဲတက်ရောက်ရန် အခြေအနေကောင်းပိုင်ဆိုင်ခဲ့သည့် မန်ယူ

**ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနှင့် စီးရီးအေကလပ် ရိုးမားအသင်းတို့ပွဲစဉ်ကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် ရိုးမားအသင်းကို ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သောကြောင့် ယူရိုပါလိဂ်ဗိုလ်လုပွဲသို့ တက်လှမ်းရန် အခွင့်အရေးကောင်းပိုင်ဆိုင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။**



မန်ယူမှ ပေါ့ဂ်ဘာ ရိုးမားအသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးစားစဉ်။

မန်ယူအသင်းသည် မေ ၂ ရက်တွင် အသင်းကြီး လီဗာပူးအသင်းနှင့် ပရီမီယာလိဂ် ပွဲစဉ် (၃၄) ကို ကစားရန်ရှိသော်လည်း ယနေ့ပွဲစဉ်တွင် အားထားရသည့် အဓိက ကစားသမားအများစုဖြင့် ရိုးမားအသင်းကို ရင်ဆိုင်လာခဲ့သည်။ ရိုးမားအသင်းကလည်း မန်ယူအိမ်ကွင်းတွင် အသာစီးရယူနိုင်ရန်အတွက် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။

အနိုင်ရရှိရေးအားစိုက်ကစားလာသည့် မန်ယူအသင်းအနေဖြင့် ပွဲအစ ကိုးမိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ကာဗာနီ၏ ဖန်တီးပေးမှုမှတစ်ဆင့်

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## မာတိကာ

ယနေ့ ကိုရင် နောင်တွင် ထေရ်ကြီး — စာ ၈

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆီနိုဖမ်းနှင့် ဆီနိုဗက် ကာကွယ်ဆေးများကို အကဲဖြတ် စစ်ဆေးမည် — စာ ၁၃

မိုးပွင့် သစ္စာနှင့် မွှေးရနံ့သင်းထုံသည့် ပန်းခင်း — စာ ၁၆

ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှု လုပ်ရပ်များ လုပ်ဆောင် — စာ ၂၁